# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ ပြုပြင်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ယနေ့ ဖတ်စရာ


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာ အမှတ် ၈၃ / ၂၀၂၅ ထုတ်ပြန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာ အမှတ် ၈၄ / ၂၀၂၅ ထုတ်ပြန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာ အမှတ် ၈၅ / ၂၀၂၅ ထုတ်ပြန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာ အမှတ် ၈၆ / ၂၀၂၅ ထုတ်ပြန်

ပြည်တွင်းသတင်း စာ ၅

တက်ညီ၊ လက်ညီ . . . . . ဒီမိုကရေစီ ပန်းတိုင်ဆီသို့

ဆောင်းပါး စာ ၈

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

○ *ရှေ့ဖုံးမှ*

**မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွား လမ်းဖောက်လုပ်နေမှု**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော်မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွား လမ်းဖောက်လုပ်နေမှု လုပ်ငန်းခွင်နေရာသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊ အခမ်းအနားများ ကျင်းပနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့သမိုင်းဝင် အထင်ကရပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများ၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အထိမ်းအမှတ်ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက်စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်မှုအရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးရန် တာဝန်ရှိသူများအနေဖြင့်လည်း အဆင့်လိုက်စနစ်တကျဖြစ်စေရေး စစ်ဆေးဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**နေပြည်တော်မြို့အဝင်မုခ်ဦးတည်ဆောက်ရန် လျာထားနေရာ**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ရာဇသင်္ဂဟလမ်းပေါ်ရှိ နေပြည်တော်မြို့အဝင် မုခ်ဦးတည်ဆောက်ရန် လျာထားနေရာသို့ရောက်ရှိကြပြီး မြို့အဝင်မုခ်ဦး တည်ဆောက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍

*စာမျက်နှာ ၄ သို့*



ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများအား ပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွှတ်တော်အဝင် အမှတ် (၁) တံတားအား ခေတ်မီနည်းပညာများဖြင့် ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ရှုခံစင်မြင့်နှင့် စင်မြင့်မျက်နှာစာနေရာတို့အား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး လမ်းညွှန်မှာကြားစဉ်။

*စာမျက်နှာ ၃ မှ*

တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းမကြီးမှ နေပြည်တော်လေဆိပ်လမ်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် နေပြည်တော်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ဗိုလ်ရှုခံစင်မြင့်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗိုလ်ရှုခံစင်မြင့်နေရာသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ရှုခံစင်မြင့်နှင့် စင်မြင့်မျက်နှာစာနေရာတို့အား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ဆန်းစစ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လွှတ်တော်အဝင် အမှတ်(၁)တံတားနေရာသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် တံတားထိခိုက်ပျက်စီးမှုနှင့် ရွေ့လျားမှုများဖြစ်ပေါ်ခဲ့ခြင်းအား ပြန်လည်ပြုပြင်ရာ၌ တံတားတစ်စင်းတွင် ခန်းဖွင့် ၅ ခုပါဝင်ပြီး ခန်းဖွင့် ၁ ခုလျှင် အလေးချိန် ၁၅၀၀ တန်ခန့်ရှိသဖြင့် တံတားတစ်စင်းလုံး စုစုပေါင်း အလေးချိန် ၇၅၀၀ တန်ခန့်အား 3 D Synchronise jack အသုံးပြုသည့် ခေတ်မီနည်းပညာဖြင့်ပင့်တင်၍ ပြုပြင်ခဲ့သည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လွှတ်တော်အဝင်အမှတ်(၁)တံတားနှင့် မုခ်ဦးဆောင် ပြုပြင်ပြီးစီးမှု၊ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ ပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ ခန်းမအတွင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အဆောက်အအုံတို့အပါအဝင် အခြားအထောက်အကူပြု အဆောက်အအုံများ၊ လမ်းတံတားများ၊ ခြံစည်းရိုးနှင့် မြေထိန်းနံရံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ဦးစားပေးအဆင့်သတ်မှတ်ချက်များအလိုက် ပြုပြင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြုပြင်မှုများဆောင်ရွက်ရာတွင် အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အမြင်အားဖြင့်ကောင်းမွန်ရုံမဟုတ်ဘဲ ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေး ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း စနစ်တကျဖြင့် မှတ်တမ်းထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်း အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွှတ်တော်အဝင် အမှတ်(၁) တံတား ပြုပြင်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၆၂

ရက်

သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

❖ ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၃ /၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၃ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၁ ပါ "ငွေကျပ်သိန်း ၁၅၀" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၃၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေကျပ် သိန်း ၃၀၀" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၅၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၅ /၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၅ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၄ /၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၄ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၆ /၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၆ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ်(cc)တွင် ခြွင်းချက်အဖြစ် အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

**"ခြွင်းချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါဝင်သော မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်များအတွက်ဖြစ်လျှင် ရွေးကောက်တင်မြှောက်ခံရသည့် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်အား သက်ဆိုင်ရာ မြို့နယ်၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစားပေးသတ်မှတ်ပေးရမည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ နည်းဥပဒေခွဲ(က) ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)ပါ "သိန်းသုံးရာ" ဆိုသည့်စကားရပ်ကို "သိန်းငါးရာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ကျေးရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးကဏ္ဍသည် မိမိတို့နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဦးစားပေးဆောင်ရွက်လျက်ရှိသော စိုက်ပျိုးသီးနှံများ၏ ထုတ်လုပ်နိုင်စွမ်းအားများ မြှင့်တင်ရန် မျိုး၊ မြေ၊ ရေ၊ နည်းပညာများကိုမှန်ကန်စေရေး၊ မြေဆီလွှာနှင့် ရေအသုံးပြုမှုများ စနစ်တကျရှိစေရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အစားအစာသိပ္ပံနှင့် နည်းပညာများကတစ်ဆင့် တန်ဖိုးမြှင့်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် ကျေးရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း။

**စဉ်ဆက်မပြတ်လေ့လာ**

ထို့အပြင် Artificial Intelligence(AI) ဉာဏ်ရည်တုနည်းပညာအပါအဝင် ခေတ်နှင့်လျော်ညီသော နည်းပညာရပ်များကိုလည်း အကျွမ်းတဝင်အသုံးပြုနိုင်ကြစေရန် စဉ်ဆက်မပြတ်လေ့လာကြပြီး သီးနှံအထွက်နှုန်းများ၊ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၊ တိကျသေချာသော စိုက်နည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ၊ ဓာတ်မြေဩဇာအသုံးပြုမှုများ စသည်ဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများတွင် အကျိုးရှိစွာအသုံးပြုနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရန်ဖြစ်ပါကြောင်း။

**ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်**

တောင်သူလယ်သမားများအပါအဝင် ပြည်သူလူထုအလွှာစုံနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးကြရမည့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် မှန်ကန်သမာသမတ်ကျသော အတွေးအခေါ်အယူအဆများ ရှိကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေလိုသောစေတနာများ ကိန်းအောင်း၍ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ပါဝင်နိုင်သည့် အခန်းကဏ္ဍမှ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်းပြောကြားပြီး စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တန်းစဉ်ပေါင်း အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။




ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၂၉၅ ဦး၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့ရ ၄၄ ဦး၊ စိုက်ပျိုးရေး ပါရဂူဘွဲ့ရ ကိုးဦး၊ စိုက်ပျိုးရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ခုနစ်ဦးတို့အား သက်ဆိုင်ရာဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အထူးကွင်းဆင်းကုသမှုပေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများလိုအပ်သော ကုသမှုများကို ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ လက်လှမ်းမီရရှိစေရန်နှင့် လူတိုင်းသက်တမ်းစေ့ သက်ရှည်ကျန်းမာစွာ နေနိုင်ရေးအတွက် ရောဂါများကို စောစီးစွာ သိရှိပြီး ကုသမှုခံယူနိုင်စေရန် ရည်ရွယ်၍ ပြည်သူ့ဆေးရုံကြီးများမှ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် ကွင်းဆင်းကုသမှု အစီအစဉ်များကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



**ကြည့်ရှုအားပေး**

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရွာတန်းရှည်ပရိယတ္တိစာသင်တိုက်၌ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသူရ ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းကုသမှုအစီအစဉ် ဆောင်ရွက်နေမှုကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြသည်။

**လိုအပ်သည်များမှာကြား**

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လာရောက်ပြသသော လူနာနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးပြီး ကုသမှုဆောင်ရွက်ပေးနေသော အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံကာ ကွင်းဆင်းကုသမှုများကို ပိုမိုအားဖြည့် ဆောင်ရွက်နိုင်ရေးနှင့် လူနာများ ကုသရေးတို့အတွက် လိုအပ်သည်များကို မှာကြား၍ စားသုံးဆီနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုကုသပေးနိုင်ခဲ့**

အဆိုပါ အထူးကုကွင်းဆင်းကုသမှုအစီအစဉ်တွင် အထွေထွေရောဂါလူနာ ၈၇ ဦး၊ ခွဲစိတ်ရောဂါဆိုင်ရာလူနာ သုံးဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၁၄ ဦး၊ ကလေးရောဂါလူနာ ၁၃ ဦး၊ အရိုးရောဂါလူနာရှစ်ဦး၊ မျက်စိရောဂါလူနာ ၉၄ ဦး၊ အကြောအဆစ်ရောဂါလူနာ ၃၈ ဦး၊ သွားနှင့် ခံတွင်းလူနာ ၃၈ ဦး စုစုပေါင်း ၂၉၅ ဦးတို့အား ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး Ultrasound ရိုက်၍ ရောဂါရှာဖွေစမ်းသပ်ပေးနိုင်ခဲ့သူ ၂၂ ဦးရှိကာ အထွေထွေရောဂါဆိုင်ရာ လွှဲပြောင်းလူနာ ၂၀၊ အရိုးရောဂါလူနာသုံးဦး၊ အကြောအဆစ်ရောဂါ လူနာတစ်ဦး၊ မျက်စိအတွင်းတိမ်ရောဂါလူနာ ၁၀ စုစုပေါင်း ၃၄ ဦးတို့အား ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး၌ လိုအပ်သော ကုသမှုများအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာဌာန၊ အထွေထွေရောဂါကုသဆောင်နှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုး ဌာနများ၌ လာရောက်ပြသသော လူနာများ၊ လူနာမိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး တာဝန်ထမ်းဆောင်နေကြသော ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများအား အရေးပေါ်လူနာများ အချိန်နှင့်တစ်ပြေးညီ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရေး၊ လူနာ၊ လူနာရှင်နှင့် ကျန်းမာရေးဝန်ထမ်းများပါ စိတ်ကျေနပ်စွာ ကုသမှုရရှိ/ဆောင်ရွက်ပေးနိုင်ရေး၊ အခြေခံမရှိမဖြစ် ဓာတ်ခွဲစစ်ဆေးမှုများကို ဆောင်ရွက်ပေးနိုင်ရေး၊ အရေးပေါ်ရောဂါရှာဖွေမှုများ ၂၄ နာရီ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော်အောက်တိုဘာ ၂၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း( BE.FALLS) သို့ လာရောက်လည်ပတ်သည့် ဧည့်သည်ဝင်ရောက်မှု ၂ ဒသမ ၅ သန်းပြည့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ပြင်ဦးလွင် အောက်တိုဘာ ၂၆**

ပြင်ဦးလွင်– လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင်စတင်ဖွင့်လှစ်၍ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာ အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ယနေ့တွင် ဧည့်သည်ဝင်ရောက်မှု ၂ ဒသမ ၅ သန်းပြည့်မြောက်ခဲ့ပြီး ထိုသို့ပြည့်မြောက်သည့်ဧည့်သည်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



အဆိုပါ ဧည့်သည်သည် ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ဒေါ်သင်းပပထွန်းဖြစ်ပြီး ဧည့်သည်အား ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS)မှ တာဝန်ရှိသူများက အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြု Trophy ၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာ အခမဲ့ဝင်ရောက်ခွင့် (Gold Card) နှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည့်အပြင် ဧည့်သည်နှင့်ပါရှိလာသူများအား အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်းလည်ပတ်ခြင်းများ အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရုဒုံမြို့ရှိ ကမ်းလွန်လေအားလျှပ်စစ်စက်ရုံသို့ သွားရောက်လေ့လာ





**နေပြည်တော် အောက်တိုဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူးကျိုးမြို့သို့ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ကျန်းစုပြည်နယ် ရုဒုံမြို့ ဟွန်ကျန်း ပင်လယ်ကွေ့အပြင်ဘက်ရှိ ဒီရေတောကမ်းခြေတွင် China Longyuan Power Group Corporation Limited မှ တည်ဆောက်ထားသော ကုန်းတွင်း၊ ဒီရေတောနှင့် ကမ်းလွန်တို့တွင် တပ်ဆင်အင်အား ၄၈၀ မဂ္ဂါဝပ်ရှိသည့် Ru Dong Huan Gang Offshore Wind Farm ကမ်းလွန်လေအားလျှပ်စစ်စက်ရုံသို့ သွားရောက်လေ့လာကြသည်။ (ယာပုံ)

ထိုသို့လေ့လာစဉ် စက်ရုံတာဝန်ရှိသူများက စီမံကိန်းသည် တရုတ်နိုင်ငံတွင် ပထမဆုံး ကမ်းလွန်လေစွမ်းအင် ရှေ့ပြေးစမ်းသပ်တည်ဆောက်သည့် စီမံကိန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယွမ်ငွေ ၂ ဒသမ ၅၄ ဘီလီယံခန့်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် ၁ ဒသမ ၅ မဂ္ဂါဝပ်၊ ၂ မဂ္ဂါဝပ်၊ ၂ ဒသမ ၅ မဂ္ဂါဝပ်၊ ၃ မဂ္ဂါဝပ် တပ်ဆင်အင်အားများရှိသော လေအားတာဘိုင် ၁၆ လုံး စုစုပေါင်း ၃၀ မဂ္ဂါဝပ်ကို ၂၀၀၉ ခုနှစ်တွင် စတင်စမ်းသပ်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဒုတိယအဆင့်တွင် ၂ ဒသမ ၃ မဂ္ဂါဝပ်၊ ၂ ဒသမ ၅ မဂ္ဂါဝပ်၊ ၃ မဂ္ဂါဝပ် လေအားတာဘိုင် ၅၈ လုံး စုစုပေါင်း ၁၅၀ မဂ္ဂါဝပ်တပ်ဆင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ တတိယအဆင့်တွင် ၂ ဒသမ ၅ မဂ္ဂါဝပ် လေအားတာဘိုင် ၂၀ စုစုပေါင်း ၅၀ မဂ္ဂါဝပ်တပ်ဆင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ စတုတ္ထအဆင့်တွင် ၄ မဂ္ဂါဝပ်၊ ၅ မဂ္ဂါဝပ်၊ ၆ မဂ္ဂါဝပ် လေအားတာဘိုင် ၁၁ လုံး စုစုပေါင်း ၅၀ မဂ္ဂါဝပ် တပ်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စတင် ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း။

ပဉ္စမအဆင့်တွင် ၄ မဂ္ဂါဝပ် လေအားတာဘိုင် အလုံး ၄၀ စုစုပေါင်း ၂၀၀ မဂ္ဂါဝပ်တပ်ဆင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းသို့အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း တပ်ဆင်အား ၄၈၀ မဂ္ဂါဝပ်အထိ ရောက်ရှိလာခဲ့ကြောင်း၊ တာဘိုင် တာဝါတိုင်များ၏ အုတ်မြစ်များတွင်လည်း ကွန်ကရစ်ပိုင်တိုင်များနှင့် ကွန်ကရစ်အောက်ခံခုံ (PHC pipe piles with concrete caps) မှသည် သံမဏိဖြင့် ပြုလုပ်ထားသော ပိုက်တိုင်များ (steel structure pipe piles) အထိ အမျိုးမျိုးသော ပုံစံများပါဝင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံတည်ဆောက်ထားရှိမှု၊ ဓာတ်အားထုတ်လုပ်နေမှုတို့ကို လေ့လာကြည့်ရှုကြသည်။

ခရီးစဉ်အတွင်း၌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်အစိုးရပိုင်ကုမ္ပဏီများဖြစ်သည့် ShweLi(1) Hydropower Co.,Ltd.၊ Yunnan United Power Development Co.,Ltd.၊ Goodwe Technologies Co.,Ltd.၊ POWERCHINA Chengdu Engineering Corporation Limited တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။ ခရီးစဉ်များအပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အငြိမ်းစားအကြိမ်မြောက် သက်ကြီးသတင်းထောက်ကြီးများအား ဂါရဝပြုကန်တော့ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ အငြိမ်းအကြိမ်မြောက် သက်ကြီး သတင်းထောက်ကြီးများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝန်းအတွင်းရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အလင်းသတင်းစာ မြို့နယ် သတင်းထောက်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့နာယက ဦးစိုးစိုးနိုင် (စာတည်းမှူးချုပ် - ငြိမ်း)က မုဒိတာစကားပြောကြားသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက ပူဇော်ကန်တော့ပွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အတွင်းရေးမှူး ဦးတင်ဝင်းက ငွေစာရင်းရှင်းတမ်း ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ကန်တော့ပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များက မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ သက်ကြီး သတင်းစာ ဆရာကြီးများအား ပူဇော်ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ငွေများနှင့် အလှူရှင်များက ကန်တော့လက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံ သက်ကြီး သတင်းစာဆရာကြီးများက ဆုပေးစကားပြောကြားပြီး အခမ်းအနားအောင်မြင်စွာ ရုပ်သိမ်းကာ သက်ကြီးကန်တော့ပွဲသို့ တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ အငြိမ်းအကြိမ်မြောက် သက်ကြီးသတင်းထောက်ကြီးများအား ဂါရဝပြုကန်တော့ပွဲတွင် အသက် ၁၀၆ နှစ်ရှိ သက်တော်ရှည်ကန်တော့ခံ အဘိုး ဦးဆိုက်ကျင်(သုံးခွ)အပါအဝင် အသက်ကြီး သတင်းထောက်ကြီး စုစုပေါင်း ၁၇ ဦးကို ကန်တော့ခဲ့ကြကြောင်း သိရသည်။ **ကိုဇော်(သတင်းစဉ်)**

# နောင်ချိုမြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်-၃ ကွင်းဆင်းဆောင်ရွက်

**နောင်ချို အောက်တိုဘာ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှပန်းခင်းစီမံချက် အဆင့်-၃ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က အထက - ၁ ၌ ဆောင်ရွက်သည်။



ကွင်းဆင်း ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးနေလင်းအေး ဦးဆောင်သော ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့် - ၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် အထက - ၁ နှင့် အထက - ၂ မှ ကျောင်းသား ၅၆ဦး၊ ကျောင်းသူ ၈၄ ဦး စုစုပေါင်း ၁၄၀ တို့အား UID စမတ်ကတ်များ ဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ နောင်ချိုမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် မြို့နယ်အတွင်း ကျေးရွာအုပ်စုများနှင့် အခြေခံပညာကျောင်းများသို့ ပန်းခင်းစီမံချက် အဆင့် -၃ ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး

**ရန်ကုန် အောက်တိုဘာ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့်အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများနှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပြီး အောက်တိုဘာ ၂၆ ရက်က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးအုပ်စုတို့တွင် တာဝန်ရှိသူများက တစ်ပြိုင်တည်း မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးကြောင်း သိရသည်။



ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက ကတွယ်ကျေးရွာအုပ်စု၊ စံကင်းကြီးကျေးရွာအုပ်စု၊ မြဲဂဲကျေးရွာအုပ်စု၊ ရေစိုကျေးရွာအုပ်စုနှင့် ဆတ်ကလေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တက်ညီ၊ လက်ညီ . . . . . ဒီမိုကရေစီ ပန်းတိုင်ဆီသို့

မင်းခန့်

- **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး။**

ဒီနေ့၊ ဒီအချိန်၊ ဒီကာလမှာ နိုင်ငံတော်နဲ့ ပြည်သူအားလုံးရဲ့ ပန်းတိုင်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးပဲဖြစ်ပါတယ်။ ဒီပန်းတိုင်ကို အမြန်ရောက်ရှိဖို့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးဟာ အလွန်အရေးကြီးတဲ့အတွက် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိအောင် တပ်မတော်က လမ်းကြောင်းခင်းပေးလျက်ရှိနေပါတယ်။ တပ်မတော်က ခင်းပေးတဲ့လမ်းကြောင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ အလွန်အင်မတန်အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖို့အတွက် ရွေးကောက်ပွဲဆိုတာ မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်သလို နိုင်ငံတော်ကို ဦးဆောင်မယ့် အုပ်ချုပ်ရေးယန္တရား အပြောင်းအလဲအတွက် အချိုးအကွေ့တစ်ခုလည်းဖြစ်ပါတယ်။ ဒီအချိုးအကွေ့ ညင်သာဖို့အတွက် ရွေးကောက်ပွဲတစ်ခုဟာ လွတ်လပ်ပွင့်လင်းပြီး တရားမျှတဖို့လိုသလို ပါဝင်သူ Stakeholder နဲ့ မဲဆန္ဒရှင်ပြည်သူအများ လက်ခံနိုင်ဖို့လိုပါတယ်။ အငြင်းအခုန်နဲ့ မကျေနပ်မှုတွေ ရှိနိုင်သော်လည်း ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဥပဒေတွေနဲ့အညီ ရွေးကောက်ပွဲအနိုင်ရရှိသူတွေက အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်တွေကို ထိခိုက်ပွန်းတိုက်မှု အနည်းဆုံးနဲ့ ညင်သာစွာကူးပြောင်းနိုင်ဖို့ အလွန်အင်မတန်အရေးကြီးလှပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကပေးခဲ့တဲ့ သင်ခန်းစာအရ ပြည်သူလူထုထောက်ခံမှု အများစုရရှိနေမှုကို အဓိပ္ပာယ်ကောက်လွဲပြီး အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို အလုံးစုံချုပ်ကိုင်ပြီး အာဏာရမ္မက်ကြီးမားခဲ့တဲ့ NLD ပါတီခေါင်းဆောင်ပိုင်းရဲ့ လွဲမှားတဲ့ ဆုံးဖြတ်ချက်များဖြင့် တည်ဆဲအခြေခံဥပဒေကို ကျော်လွှန်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူဖို့ ကြိုးစားခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ မဲမသမာမှုအကြီးအကျယ်လုပ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲဟာ တရားမျှတမှု မဖြစ်ခဲ့သလို ညင်သာတဲ့အချိုးအကွေ့မဖြစ်ခဲ့တာ အားလုံးတွေ့မြင်သိရှိခံစားနေကြရပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲ သမိုင်းတစ်လျှောက်မှာ အမည်းစက်ကြီးဖြစ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုများဟာ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးထက် လွှတ်တော်အတွင်းမှာ တစ်ပါတီထဲက လွှမ်းမိုးပြီး အာဏာကြီး ၃ ရပ်ကို ချိန်ခွင်ညှာ ထိန်းညှိထားတဲ့ဟန်ချက်ကို ပျက်စီးစေမယ့် ဆိုးကျိုးကို ဦးတည်ခဲ့ပါတယ်။ လွတ်လပ်ပွင့်လင်းပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဟာ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် အသက်သွေးကြော ဖြစ်သလို ဒီရွေးကောက်ပွဲကို တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ပေးရတဲ့ အာဏာရအစိုးရနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ရဲ့ ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်နေပါတယ်။

ဒါကြောင့် လာမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ရွေးကောက်ပွဲကြီး ဖြစ်စေပြီး ရွေးကောက်ပွဲကတစ်ဆင့် ဖြစ်ပေါ်လာမယ့် ရွေးကောက်ခံအစိုးရကို ညင်သာစွာ ကူးပြောင်းပေးဖို့ လက်ရှိအစိုးရက ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီလိုအချိန်၊ ဒီလိုကာလမှာ ပြည်ပကို ထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်လမ်းစဉ်နဲ့ရယူဖို့ ကြိုးစားနေတဲ့ အကြမ်းဖက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ရွေးကောက်ပွဲ မဖြစ်ပေါ်လာစေရေး နည်းလမ်းမျိုးစုံနဲ့ နှောင့်ယှက်ဟန့်တားမှုများ ပြုလုပ်နေတာကို သတိပြုကြရမှာဖြစ်ပါတယ်။

**အမှန်စစ်စစ် အဲဒီအဖျက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ရဲ့အချိုးအကွေ့ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူတွေဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်စေချင်သူတွေ ဖြစ်လို့ အာဏာရူးသူတွေသာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလွန်အရုပ်ဆိုး အကျည်းတန်ခဲ့တဲ့ တရားမဝင်တော့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ပြီး ၎င်းတို့အုပ်ချုပ်မှုသာ စစ်မှန်တဲ့ အစိုးရဖြစ်မယ်ဆိုတဲ့ နိုင်ငံရေးရေချိန်နိမ့်ပါးတဲ့ အတွေးအခေါ် အယူအဆရှိသူများသာဖြစ်ပါတယ်။ လက်ရှိသူတို့ရဲ့ သဘောထားများနဲ့ လုပ်ဆောင်ချက်တွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်တိုက်ခိုက်နေတဲ့ အကြမ်းဖက်၊ အဖျက်အမှောင့်သမားများသာဖြစ်ပြီး ပြည်သူလူထုရဲ့ လိုလားတောင့်တချက်ကို နှောင့်ယှက်ဟန့်တားသူ အဖျက်အမှောင့်သမားများဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ရန်သူတွေဖြစ်ပါတယ်။**

တိုင်းရင်းသားလက်နက်ကိုင် အမည်ခံထားပြီး နယ်တစ်နယ်၊ ဓားတစ်စင်းလုပ်ချင်တဲ့ လက်နက်ကိုင်သူပုန်အဖွဲ့တချို့ကလည်း ရွေးကောက်ပွဲကြီးဖြစ်ပေါ်လာမှာကို ကြောက်ရွံ့နေကြပါတယ်။ ဒါကြောင့်လည်း ပြည်သူအများစု လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်မလာရေးအတွက် ရွေးကောက်ပွဲကြီးကို မဖြစ်မနေနည်းမျိုးစုံနဲ့ ဟန့်တားနှောင့်ယှက် ကောလာဟလတွေ ထုတ်လွှင့်နေကြပါတယ်။

အဲဒီအဖျက်သမားများရဲ့ ကောလာဟလထုတ်လွှင့်မှုများကြောင့် ယခုလို ရွေးကောက်ပွဲအကြိုကာလမှာ ပြည်သူလူထုအတွင်း မေးခွန်း ၃ ခု ဖြစ်ပေါ်နေပြီး စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ အဲဒီ မေးခွန်း ၃ ခုကတော့–

- **မေးခွန်း(၁) – လုံခြုံရေးအခြေအနေများအရ တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲ မပြုလုပ်နိုင်ပါက ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy) ထိခိုက်နိုင်ပါသလား။**
- **မေးခွန်း(၂) – ရွေးကောက်ခံပြည်သူ ကိုယ်စားလှယ်ဦးရေ ပြည့်မီခြင်းမရှိပါက လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့် အစိုးရဖွဲ့စည်းခြင်းတို့ကို ဘယ်လိုဆက်လုပ်မလဲ။**
- **မေးခွန်း(၃) – ဟိုလူမပါလို့၊ ဒီပါတီဝင်မပြိုင်လို့ စစ်မှန်တဲ့ ရွေးကောက်ပွဲ ဖြစ်နိုင်ပါ့မလား။**

ဆိုတဲ့ မေးခွန်းများပဲ ဖြစ်ပါတယ်။

ဒီမေးခွန်း ၃ ခုဟာ လာမယ့်ရွေးကောက်ပွဲကို ထောက်ခံသူ၊ မထောက်ခံသူကြားမှာ ဝေဖန်ထောက်ပြမှုများရှိနေသလို ရွေးကောက်ပွဲ ဆန့်ကျင်နေသူတို့က ဒီအချက်များကို ထောက်ပြပြီး ရွေးကောက်ပွဲကို အကြီးအကျယ် အပုပ်ချတိုက်ခိုက်နေတာ မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံအသီးသီးနဲ့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာနေကြတဲ့ အဖွဲ့များကလည်း ဒီမေးခွန်းများကို စိတ်ဝင်တစား သိချင်နေကြပါတယ်။ ဒါကြောင့်လည်း ဒီမေးခွန်း ၃ ခု အဖြေကို ရှင်းလင်းဖြေကြားပေးလိုက်ရပါတယ်။

မေးခွန်းနံပါတ်(၁)ရဲ့ အဖြေကတော့ ရှင်းပါတယ်။ လုံခြုံရေးအခြေအနေအရ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲမလုပ်နိုင်လို့ ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy) မထိခိုက်နိုင်ပါဘူး။ လုံးဝ မထိခိုက်ဘူးဆိုတာ ရဲရဲကြီးပြောရဲပါတယ်။ ဘာကြောင့်လဲဆိုတာကို အတိုဆုံးဖြေရရင်တော့ ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်အရေအတွက်မည်မျှရှိမှ ရွေးကောက်ပွဲ အောင်မြင်အထမြောက်ကြောင်း အခြေခံဥပဒေထဲမှာ ရေးသားဖော်ပြထားခြင်းမရှိလို့ ဖြစ်ပါတယ်။

ပိုမိုရှင်းအောင် ထပ်ရှင်းပြရရင်တော့ အခြေခံဥပဒေ၊ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းအခန်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကို ပြဋ္ဌာန်းထားရာ၌ "ပုဒ်မ။ ၃၉၉(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းအား တာဝန်တစ်ရပ်အဖြစ် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါကြောင့် အဆိုပါပြဋ္ဌာန်းချက်အရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိတဲ့ မဲဆန္ဒနယ်များကို ရွှေ့ဆိုင်းကျင်းပခြင်းဟာ အခြေခံဥပဒေနှင့် ညီညွတ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲတွေကို ၂၀၁၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင်တစ်ကြိမ် စုစုပေါင်း သုံးကြိမ်နှင့် ကြားဖြတ် ရွေးကောက်ပွဲများအနေဖြင့် ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ် ကျင်းပခဲ့သည့် အတွေ့အကြုံများအရ မဲဆန္ဒနယ်အားလုံးရဲ့ ရွေးကောက်ပွဲများကို ရာနှုန်းပြည့်ကျင်းပနိုင်ခြင်း မရှိခဲ့သော်လည်း သက်ဆိုင်ရာလွှတ်တော်များခေါ်ယူခြင်းနှင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရများ ဖွဲ့စည်းခြင်းတို့ကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့သည့် သာဓကများရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်များအားလုံးရွေးကောက်ပွဲ မပြုလုပ်နိုင်ပေမယ့်လည်း လုပ်လို့ရတဲ့မဲဆန္ဒနယ်များကို ရွေးကောက်ပွဲပြုလုပ်ပြီး ရွေးကောက်ခံကိုယ်စားလှယ်များ ရွေးချယ်ခြင်းဟာ ရွေးကောက်ပွဲရဲ့ တရားဝင်မှု (Legitimacy) ကို မထိခိုက်ဘူးဆိုတာ လွယ်ကူရှင်းလင်းစွာ သိရှိနိုင်ပါတယ်။

*စာမျက်နှာ ၉ သို့*

**အဲဒီအဖျက်သမားများရဲ့ ကောလာဟလထုတ်လွှင့်မှုများကြောင့် ယခုလို ရွေးကောက်ပွဲအကြိုကာလမှာ ပြည်သူလူထုအတွင်း မေးခွန်း ၃ ခု ဖြစ်ပေါ်နေပြီး စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ အဲဒီမေးခွန်း ၃ ခုကတော့-**

- **မေးခွန်း(၁) - လုံခြုံရေးအခြေအနေများအရ တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲ မပြုလုပ်နိုင်ပါက ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy) ထိခိုက်နိုင်ပါသလား။**
- **မေးခွန်း(၂) - ရွေးကောက်ခံပြည်သူကိုယ်စားလှယ်ဦးရေ ပြည့်မီခြင်းမရှိပါက လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့် အစိုးရဖွဲ့စည်းခြင်းတို့ကို ဘယ်လိုဆက်လုပ်မလဲ။**
- **မေးခွန်း(၃) - ဟိုလူမပါလို့၊ ဒီပါတီဝင်မပြိုင်လို့ စစ်မှန်တဲ့ ရွေးကောက်ပွဲဖြစ်နိုင်ပါ့မလား။**

**ဆိုတဲ့ မေးခွန်းများပဲ ဖြစ်ပါတယ်။**

*စာမျက်နှာ ၈ မှ*

ယခုရွေးကောက်ပွဲကို သုံးကြိမ်ခွဲပြီး ကျင်းပမှာဖြစ်၍ ပထမအကြိမ်မှာ ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်မှာ မြို့နယ် ၁၀၀ နှင့် တတိယအကြိမ်မှာ ၇၂ မြို့နယ်ဖြစ်လို့ ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ်ပေါင်းဟာ ၂၇၄ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိလို့ လတ်တလောမကျင်းပနိုင်မယ့် မြို့နယ်က ၅၆ မြို့နယ်သာဖြစ်ပြီး ဒါလည်း ကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင် ရွေးကောက်ပွဲရဲ့ တရားဝင်မှု (Legitimacy) ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းက နားလည်သဘောပေါက်လောက်မယ်လို့ ပြောရပါမယ်။

မေးခွန်း (၂) အတွက် အဖြေကတော့ အထက်မှာ ဖော်ပြထားသလို ရွေးကောက်ပွဲကျင်းပရာမှာ မဲဆန္ဒနယ် မည်ရွေ့မည်မျှနှင့် ပြည်သူ့ကိုယ်စားလှယ် မည်ရွေ့မည်မျှအရေအတွက်ကို အခြေခံဥပဒေက သတ်မှတ်ထားခြင်းမရှိတာကြောင့် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ မည်မျှသာရှိသည်ဖြစ်စေ၊ အခြေခံဥပဒေက သတ်မှတ်ထားတဲ့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းကာ လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်း၊ အစိုးရဖွဲ့စည်းခြင်းတို့ကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၁၀၉ အရ၊ ရွေးကောက်ခံပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် မပိုစေရဟူ၍လည်းကောင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ၁၁၀ ထက် မပိုစေရဟူ၍လည်းကောင်း သတ်မှတ်ထားသည်ဖြစ်ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှပင်ရှိသည်ဖြစ်စေ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦးနှင့် ပူးပေါင်းပြီး သက်ဆိုင်ရာလွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်မှာပဲဖြစ်ပါတယ်။

အစည်းအဝေးအထမြောက်မှုနှင့်ပတ်သက်၍ အခြေခံဥပဒေပုဒ်မ ၁၂၈ (က) အရ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်ခံခဲ့ရသော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များကိုသာ တက်ရောက်ခွင့်ရှိသော စုစုပေါင်းဦးရေတွင် ထည့်သွင်းရေတွက်ရခြင်းဖြစ်ပါတယ်။ **ရွေးကောက်ပွဲကျင်းပခြင်းမရှိတဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်နိုင်ခြင်း မလုပ်နိုင်တဲ့ ကိုယ်စားလှယ်အရေအတွက်အား လွှတ်တော်တက်ရောက်ခွင့်ရှိတဲ့ စုစုပေါင်းကိုယ်စားလှယ်အရေအတွက်မှာ ထည့်သွင်းရေတွက်ခြင်းမပြုပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံခဲ့ရသော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ပြီး လွှတ်တော်လုပ်ငန်းစဉ်များကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။**

ဆိုလိုတာကတော့ ရွေးကောက်ခံကိုယ်စားလှယ် မည်မျှပင်နည်းသည် များသည်မဆို တပ်မတော်သားကိုယ်စားလှယ်များ၏ အမိန့်နာခံမှု၊ ညီညွတ်မှု၊ နိုင်ငံတော်အရေးအတွက် စိတ်အားထက်သန်စွာလုပ်ဆောင်နိုင်မှုနှင့် တပ်မတော်ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်မှာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် နံပါတ် (၅) မှာဖော်ပြခဲ့သည့်အတိုင်း "ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်" သွားနိုင်မှာဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို အောင်အောင်မြင်မြင် ဆက်လက်တည်ဆောက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး။**

ရွေးကောက်ပွဲစနစ်ကလည်း ပြည်သူ့လွှတ်တော်တစ်ခုတည်းသာ အနိုင်ရသူ အကုန်ယူစနစ် (First past the post – FPTP) စနစ်သွား

❑ **ဟိုလူမပါလို့၊ ဒီပါတီမပြိုင်လို့ဆိုတဲ့ မေးခွန်းမေးသူတွေကတော့ ပုဂ္ဂိုလ်ရေး ခံစားချက်ကို ရှေ့တန်းတင်သူများ ဖြစ်ပါတယ်။ ဒီမိုကရေစီရေချိန်နိမ့်ပါးပြီး ပုဂ္ဂိုလ်ရေးကိုးကွယ်သူများရဲ့ အမြင်သဘောထားဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့စနစ်က ပါတီစုံဒီမိုကရေစီဖြစ်တဲ့အတွက် တစ်ပါတီတည်းက ကြီးစိုးပြီး လူပုဂ္ဂိုလ်ပေါ် အမှီသဟဲပြုလွန်းရင် အာဏာရှင်စနစ်သာ ပြန်ဖြစ်သွားမှာဖြစ်ပါတယ်။ တစ်ပါတီအာဏာရှင်စနစ်နဲ့ လူပုဂ္ဂိုလ် တစ်ဦးတည်းကိုသာ အားပြုထားလို့ အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ရည်နိမ့်ကျခဲ့တဲ့ အတွေ့အကြုံတွေကို ခံထားခဲ့ဖူးတာကြောင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး မပါဝင်တာနဲ့ အဲဒီရွေးကောက်ပွဲကို တရားမဝင်ဘူးလို့ သတ်မှတ်လို့မရနိုင်ပါဘူး။**

ပြီး ကျန်လွှတ်တော်များအတွက် ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation–MMP) ဖြင့် သွားမှာဖြစ်လို့ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အသီးသီးမှ ရွေးချယ်ခံကိုယ်စားလှယ်လောင်းအသီးသီးကလည်း လွှတ်တော်အတွင်းသို့ အချိုးကျစနစ်အရ ဝင်ရောက်လာမှာဖြစ်တဲ့အတွက် စတင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်မှာ သိက္ခာရှိသော လွှတ်တော်၊ အငြင်းပွားဖွယ်မရှိ လွှတ်တော်အဖြစ် ထင်ထင်ရှားရှားတွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ **ဟိုလူမပါလို့၊ ဒီပါတီမပြိုင်လို့ဆိုတဲ့ မေးခွန်းမေးသူတွေကတော့ ပုဂ္ဂိုလ်ရေးခံစားချက်ကို ရှေ့တန်းတင်သူများဖြစ်ပါတယ်။ ဒီမိုကရေစီရေချိန်နိမ့်ပါးပြီး ပုဂ္ဂိုလ်ရေးကိုးကွယ်သူများရဲ့ အမြင်သဘောထားဖြစ်ပါတယ်။ ပြည်သူတွေ လိုလားတဲ့စနစ်က ပါတီစုံဒီမိုကရေစီဖြစ်တဲ့အတွက် တစ်ပါတီတည်းက ကြီးစိုးပြီး လူပုဂ္ဂိုလ်ပေါ် အမှီသဟဲပြုလွန်းရင် အာဏာရှင်စနစ်သာ ပြန်ဖြစ်သွားမှာဖြစ်ပါတယ်။ တစ်ပါတီအာဏာရှင်စနစ်နဲ့ လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ အားပြုထားလို့ အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ရည်နိမ့်ကျခဲ့တဲ့ အတွေ့အကြုံတွေကို ခံထားခဲ့ဖူးတာကြောင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှာ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး မပါဝင်တာနဲ့ အဲဒီ ရွေးကောက်ပွဲကို တရားမဝင်ဘူးလို့ သတ်မှတ်လို့မရနိုင်ပါဘူး။** လက်ရှိမကြာမီ ကျင်းပပြုလုပ်တော့မယ့် ရွေးကောက်ပွဲမှာ တည်ဆဲဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင် ဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီ(၅၇) ပါတီ၊ လွှတ်တော် ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ရှိနေပါတယ်။ အဲဒီပါတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ထောက်ခံအားပေးနေတဲ့ ပါတီဝင်များဟာလည်း မြန်မာနိုင်ငံသား ပြည်သူလူထုပဲ ဖြစ်ပါတယ်။ သူတို့ပါတီအနိုင်ရရှိရေးနှင့် ပါတီရဲ့ မူဝါဒလမ်းစဉ်များနဲ့အညီ အစိုးရဖွဲ့စည်းနိုင်ရေး တစ်နည်းအားဖြင့် နိုင်ငံတာဝန်ကို ထမ်းဆောင်နိုင်ရေး ကြိုးစားနေကြတာကိုလည်း အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။ ဥပဒေနဲ့အညီ မှတ်ပုံမတင်လို့ ပါတီဖျက်သိမ်းခံရခြင်းဟာ သူ့သဘော သူဆောင်ခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမှာ ပုဂ္ဂိုလ်ရေးခံစားချက်နဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်ထောက်ခံအားပေးတဲ့ ပါတီအဟောင်းတွေ မပါတာနဲ့ ဒီရွေးကောက်ပွဲဟာ အစစ်အမှန်မဟုတ်ကြောင်း ဝေဖန်ပြောဆိုမှုများဟာ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားနေခြင်းသာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရတစ်ရပ်ဖြစ်ပေါ်လာပါက လက်ရှိနိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖျက်အမှောင့်အကြမ်းဖက်သမားတွေအဖို့ ရှေ့ဆက်ရပ်တည်ရန်ခက်ခဲတဲ့ အခြေအနေသို့ ရောက်ရှိနိုင်တဲ့အတွက် အကြမ်းဖက်သောင်းကျန်းသူ၊ ဝရမ်းပြေး ပြည်ပြေး အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း၊ မပျက်ပျက်အောင် ဖျက်ဆီးရမည့်အကြောင်းတွေ လှုံ့ဆော်မှုတွေ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ပြည်သူတွေ စိုးရိမ်ထိတ်လန့်နေမှသာ သူတို့ ရှင်သန်ရပ်တည်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ဘဝပေါင်းများစွာကို ချနင်းပြီး သူတို့သာ အာဏာပြန်လည်ရရှိရေး နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင် နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေတဲ့ ပြည်ပြေးအုပ်စုများရဲ့ အဟန့်အတား၊ အနှောင့်အယှက်များကို တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူလူထုအနေနဲ့ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ တက်ညီလက်ညီ စည်းလုံးမှုအင်အားဖြင့် တုံ့ပြန်ဆန့်ကျင်သွားရန် လိုအပ်လှပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အရေးကြီးတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဘက်ပေါင်းစုံကနေ ကြိုးပမ်း လုပ်ဆောင်နေချိန်မှာ ပြည်တွင်းပြည်ပ အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲပျက်စီးရာ ပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်မှုများ၊ မမှန်မကန်ဝါဒဖြန့်မှုများကို နားမယောင်ကြရန်လည်း သတိပေးနှိုးဆော်လိုပါတယ်။

နိုင်ငံတော်အစိုးရကတော့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်းမှ ကာကွယ်ပေးတဲ့ ဥပဒေများပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်ပေးကြမယ့် နိုင်ငံ့ဝန်ထမ်းများကို ကာကွယ်ပေးလျက်ရှိပါတယ်။ ဒီဥပဒေဟာလည်း အသက်ဝင်လျက်ရှိပြီး ဒီဥပဒေအရ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူ ၉၃ ဦးကို ဥပဒေနဲ့အညီ အမှုဖွင့်အရေးယူပြီးဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ရဲ့အချိုးအကွေ့ နိုင်ငံရေးအပြောင်းအလဲမှာ ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့အတွက် ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများကို ရွေးချယ်ပေးကြဖို့ကိုလည်း အသိပေးလိုပါတယ်။

နိုင်ငံတော်အစိုးရက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်မဖြစ်မနေ ကျင်းပမည့်အကြောင်း အတိအလင်းကြေညာချိန်ကစပြီး ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးများအပါအဝင် နိုင်ငံများစွာတို့မှ နိုင်ငံ့ခေါင်းဆောင်များက အသိအမှတ်ပြု အားပေးထောက်ခံကြသလို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ စေလွှတ်ပေးသွားမည်လို့လည်း သိရပါတယ်။

**ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ရဲ့ အနာဂတ်ကို တည်ငြိမ်အေးချမ်းစွာ ပုံဖော်နိုင်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တာဝန်သိနိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်ဖို့ လိုအပ်လှပါတယ်။** မိမိတို့ရဲ့ အဖိုးတန်တဲ့ နိုင်ငံသားအခွင့်အရေးကို လက်တွေ့အသုံးချကြပြီး တစ်မျိုးသားလုံးရဲ့ စုစည်းညီညွတ်သော စွမ်းအားဖြင့် အဖျက်သမားတို့ရဲ့အန္တရာယ်ကို တွန်းလှန်ပြီး မိမိတို့အားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီပန်းတိုင်ကို အောင်မြင်စွာရောက်ရှိအောင် ဟန်ချက်ညီညီ တက်လှမ်းကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ ရွေးကောက်ပွဲကြီးဖြစ်ပေါ်လာစေရေးနဲ့ နိုင်ငံသား တစ်ယောက်ရဲ့ တာဝန်ကျေပွန်စေရေးအတွက် ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာ ကျရာကဏ္ဍမှ တက်ညီလက်ညီ ပါဝင်ပူးပေါင်းကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

# တောင်ကြီးမြို့နယ် နားဘောင်ဒေသ အဘယဂီရိတောင်ပေါ်ရှိ ထီဟန်းဆွေးအရိယမဂ္ဂင်ဝိပဿနာရိပ်သာကျောင်း၌ စေတီရွှေထီးတော်တင်လှူပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၆**

တောင်ကြီးမြို့နယ် နားဘောင်ဒေသ အဘယဂီရိ တောင်ပေါ်ရှိ ထီဟန်းဆွေးအရိယမဂ္ဂင်ဝိပဿနာ ရိပ်သာကျောင်း၌ စေတီရွှေထီးတော်တင်လှူပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါဝိပဿနာကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်ကြီးများအား ရွှေထီးတော်တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှပန်းစိုက်ငွေဖလားကိုင်၊ သာသနာ့အလံကိုင်၊ ရွှေထီးတော်ကိုင်ဥပါသကာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ မင်္ဂလာဝေါယာဉ်တော်ကိုင်ဥပါသကာများက သတ်မှတ်နေရာတွင် နေရာယူကြပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍စေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်ကာ မင်္ဂလာရထားပျံ မဏ္ဍပ်သို့ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရွှေထီးတော်တင်လှူမည့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အလှူရှင်၊ ကုသိုလ်ရှင်များ၊ ဒေသခံပြည်သူများက မင်္ဂလာရထားပျံဖြင့်ပင့်ဆောင်ကြသည်။

ထို့နောက် ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံပေါ်သို့ပင့်ဆောင်ပြီး အမွှေးနံ့သာရည်များပက်ဖျန်းကာ အလှူရှင်၊ ကုသိုလ်ရှင်နှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က အဘယဂီရိတောင်ပေါ် ထီဟန်းဆွေးအရိယမဂ္ဂင်ဝိပဿနာရိပ်သာကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# စေတီတောင် - ဆင်တောင် လမ်းပိုင်း၌ တောင်ပြိုမြေဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**သာစည် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် တောင်ပေါ်ဒေသဖြစ်သည့် စေတီတောင်-ဆင်တောင် လမ်းပိုင်း တောင်ပြိုမြေဖယ်ရှားခြင်းနှင့် ဖို့မြေ/ဖြတ်မြေလုပ်ငန်း ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ တောင်ပြိုမြေဖယ်ရှားခြင်းနှင့် ဖို့မြေ/ဖြတ်မြေလုပ်ငန်း ဆောင်ရွက်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၈၁ ဒသမ ၁၀၀ သန်းဖြင့် လမ်းအရှည် ၀ ဒသမ ၄၅၇ ကီလိုမီတာကို ခေတ်သစ်ကြယ်တံခွန် ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆောင်ရွက်ပြီးပါက ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၇၆၂ အိမ်နှင့် လူဦးရေ ၃၆၂၇ ဦးတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အောက်တိုဘာ ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများကိုယ်တိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရေးဆွေးနွေးပွဲကို ယမန်နေ့က ပျဉ်းမနားမြို့နယ်သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ သမဝါယမအသင်းပိုင် မြေအဆောက်အအုံပိုင်ဆိုင်သည့် အသင်း ၁၈ သင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်၍ တက်ရောက်လာကြသူများက သမဝါယမအသင်းပိုင်မြေနှင့် အဆောက်အအုံများတွင် သမဝါယမအသင်းများ၊ အသင်းကိုယ်ပိုင် လုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးနှင့် အသင်းပိုင် ပိုင်ဆိုင်မှုဆိုင်ရာများ ခိုင်မာမှုရှိစေရေးအတွက် ဆွေးနွေးကြပြီး အသင်းအမှုဆောင်များက အသင်း၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ဆင်မကြီးမိုမို၏ ၇၂ နှစ်ပြည့် မွေးနေ့ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ပြည်သူ့အချစ်တော် ဆင်မကြီးမိုမို(Mo Mo)၏ ၇၂ နှစ်ပြည့်မွေးနေ့ပွဲကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဆင်သူငယ်ချင်းများ၊ ကလေးများနှင့် ယနေ့တွင် ပျော်ပျော်ပါးပါးကျင်းပခဲ့ကြောင်း သိရသည်။

**ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း**

# တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးဆွေးနွေး

**ညောင်ရွှေ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ သမဝါယမအသင်းများမှ GW-11 အထွက်တိုးစပါး စံပြစိုက်ကွက်စိုက်ပျိုးထားသည့် မိုးစပါးစိုက်သမဝါယမအသင်းများ၏ စိုက်ခင်းများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခြင်းကို ယနေ့နံနက်ပိုင်းက စိုက်ခင်းများတည်ရှိရာ လွယ်မောကျေးရွာ ရွှေမင်းသား စိုက်/ထွေအင်းစိုက်ခင်း၊ ကြည်းထက်ကျေးရွာ မြပုလဲလယ်/ထွေအသင်းစိုက်ခင်းနှင့် သလဲဦးကျေးရွာ ရောင်နီဦး လယ်/ထွေသမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ စိုက်ကေများ၌ ဆောင်ရွက်ကြသည်။

**နည်းလမ်းများဆွေးနွေး**

ကွင်းဆင်းဆောင်ရွက်ခြင်းကို ညောင်ရွှေမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများ ဂရိတ်ဝေါကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင် ဒေါ်ရင်ရင်မာနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မိုင်ပျိုးကျေးရွာအုပ်စု ကြည်းထက်ကျေးရွာ စာကြည့်တိုက်၌ မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများအား နွေးစပါး/မိုးစပါး စိုက်ပျိုးခြင်းနှင့် ဆီနေကြာစိုက်ပျိုးခြင်းနှင့် ပက်သက်၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို အသိပညာပေးဆွေးနွေးကာ တက်ရောက်လာသည့် အသင်းသား တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

ကျေးရွာသစ်တော၊ ထင်းမျောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။

# ပဉ္စမအကြိမ်မြောက် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာအောင်ဘွဲ့နှင်းသဘင်ဆက်ကပ်ခြင်း အခမ်းအနားကျင်းပ

**ဟိုပုံး အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ (ပဉ္စမအကြိမ်မြောက်) နာဂပုရ သာသနာလင်္ကာရ အသင်းက ကြီးမှူးကျင်းပသည့် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့်သံဃာတော်များနှင့်သီလရှင်များအားဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက် ၉ နာရီက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**ဆွမ်းဆန်လောင်းလှူ**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ တာဝန်ရှိသူများ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ရဟန်း၊ သာမဏေနှင့် သီလရှင် စုစုပေါင်း ၁၀၈ ပါးတို့အား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**ဂုဏ်ပြုပူဇော်**

ဆက်လက်၍ ညှော့ပရိသတ်အပေါင်းတို့က ဆီဆိုင်မြို့ ဇဝနာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကောဝိဒါဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် ဆီဆိုင်မြို့ ဇဝနာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကောဝိဒါဘိဝံသက သရဏဂီယဩဝါဒကထာ ချီးမြှင့်တော်မူပြီး ပအိုဝ်းဝိသာခါမွေစကြာဝတ်အဖွဲ့က (၈)လုံးဖွဲ့ ကဗျာများဖြင့် ဂုဏ်ပြုပူဇော်သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက



နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ၌ အထူးအောင်အရှင်သူမြတ် ၁၅ ပါး၊ ဘွဲ့ရအရှင်သူမြတ် ၆၈ ပါးတို့အား ဘွဲ့လက်မှတ်၊ အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒါစရိယ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ နာဂပုရ သာသနာလင်္ကာရ အသင်းကြီး၏ ဦးဆောင်ဆရာတော်၊ သာသနာလင်္ကာရကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာလင်္ကာရက ကျေးဇူးတင်ဝမ်းမြောက်စကားမိန့်ကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# အင်းလေးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ဆေးလိပ်ငွေ့ကင်းစင် အင်းလေတစ်ခွင် မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ရွှေရန်ပြေကျေးရွာအနီးရှိ ညောင်ရွှေ-ရွှေညောင်ကားလမ်းမ၌ ပြုလုပ်သည်။

အဆိုပါ မြေစိုက်ပိုစတာအား ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊



ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုးချဲ့ဖော်ဆောင်ရေး ဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမျိုးမင်းဦးက အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်က Smoke Free Award ဆုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းက Smoke Free Activities နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆေးလိပ်ငွေ့ ကင်းစင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**



ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ အမှတ်(၁)ရပ်ကွက် စည်ပင်သာယာလမ်းနှင့် ဆားကျင်းကျေးရွာလမ်း ဆက်သွယ်သည့် ကွန်ကရစ်လမ်းသစ်နှင့် နဂါးကြယ်ပေါင်းကူးတံတားသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

# ရမည်းသင်းမြို့နယ်၌ မိုးဝါများခူးဆွတ်နေမှု ကွင်းဆင်းကြည့်ရှု

**ရမည်းသင်း အောက်တိုဘာ ၂၆**

ရမည်းသင်း မြို့နယ်အတွင်း အခြေခံ သမဝါယမအသင်းသားများ စိုက်ပျိုးထားသော သိမ်ကုန်းကျေးရွာ ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဆန်းဝင်း စိုက်ပျိုးထားသော မိုးဝါစိုက်ခင်းသို့ သွားရောက်၍ ဝါခူးဆွတ်နေမှုအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဦးစီးမှူးများ၊ ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းဥက္ကဋ္ဌတို့ အောက်တိုဘာ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုအားပေးသည်။



မိုးဝါ စိုက်ပျိုးထားသော အသင်းသားတောင်သူများ အနေဖြင့် ယနေ့အချိန်အထိ နှစ်ကြိမ်ခူးဆွတ်ပြီးစီးမှုမှာ တစ်ဧက ၁၃၇ ပိဿာ ခန့် ရရှိနေပြီဖြစ်ပြီး ကျန်ရှိနေသည်များကို ဆက်လက်ခူးဆွတ်ပြီးပါက ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဦးစီးအရာရှိနှင့်အဖွဲ့သည် အသင်းသားများ ခူးဆွတ်ထားသော ဝါများအား ဈေးကောင်းရရှိရေးနှင့် ဈေးနှိမ်ခံရခြင်းမရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ဝါဝယ်ယူသော ဝါကြိတ်စက်များနှင့်ချိတ်ဆက် ဆောင်ရွက်ပေးခဲ့သည်။

ရမည်းသင်းမြို့နယ်အနေဖြင့် သမဝါယမဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော မိုးဝါစိုက်ပျိုးသည့် အခြေခံသမဝါယမအသင်း သုံးသင်းမှ အသင်းသားတောင်သူ ၁၅၃ ဦး၏ မိုးဝါစိုက်ဧက ၅၀၀တွင် Raka – 666 ဝါမျိုးစိုက်ပျိုးထားကြောင်း သိရသည်။

**ဘုန်းမြတ်**



ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်စခန်းမှူး ဦးအောင်စိုးငြိမ်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းကို အောက်တိုဘာ ၂၅ ရက်က ဆောင်ရွက်ကြစဉ်။ မြို့နယ် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကဆေးရုံများ မီးဘေးလုံခြုံရေး အောက်တိုဘာ ၂၅ ရက်က ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကဆေးရုံများ၌ ကွင်းဆင်း၍ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများ ဆောင်ရွက်စဉ်။ ဘာမီသာ(ပခုက္ကူ)



နေပြည်တော်တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ကြီးကြပ်၍ ညောင်လွန့်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစောမင်းနိုင်နှင့် မီးသတ်ဝန်ထမ်းများက အောက်တိုဘာ ၂၅ ရက်တွင် ကျေးရွာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်ဖြင့် လှည့်လည်အသိပေးနှိုးဆော်စဉ်။ တင်စိုးလွင်

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၄)

## တက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အခန်းကဏ္ဍ

**ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)**

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ အခန်းကဏ္ဍကို ဆွေးနွေးပါမည်။ တက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများ (University Alumni) သည် တက္ကသိုလ်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးသူများ၊ လက်ရှိကျောင်းသားများအတွက် စံနမူနာယူဖွယ်ရာများနှင့် ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကူအညီများ ပံ့ပိုးပေးနိုင်သူများအဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

**၁။ နိုင်ငံတကာတက္ကသိုလ်များ၏ ဘွဲ့ရကျောင်းသားကျောင်းသူဟောင်းများ၏ အခန်းကဏ္ဍ**

ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက တက္ကသိုလ်နှင့် အဆက်မပြတ် ဆက်သွယ်လျက်ရှိပြီး အရေးပါဆုံးလှုပ်ရှားမှုများကို လုပ်ဆောင်ပေးနိုင်သူများ ဖြစ်ကြပါသည်။

**(၁-က) စီးပွားရေး/ငွေကြေး ပံ့ပိုးမှု (Philanthropy & Endowment)**

နိုင်ငံတကာတွင် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက တက္ကသိုလ်အတွက် အကြီးမားဆုံး လှူဒါန်းသူများ ဖြစ်ကြပါသည်။ အမေရိကန်နိုင်ငံ ဟားဗတ် (Harvard)၊ စတန်ဖို့ (Stanford) စသည့် တက္ကသိုလ်များတွင် ၎င်းတို့ လှူဒါန်းငွေကြောင့် အမြဲတမ်းအသုံးချနိုင်သော စုပေါင်းရန်ပုံငွေ (Endowment) များစွာရှိနေတတ်ပါသည်။ ဤငွေကြေးများက တက္ကသိုလ် ကျောင်းသားကျောင်းသူ အထောက်အပံ့၊ သုတေသန၊ ထူးချွန်ဆရာ ဆရာမများခေါ်ယူမှု၊ တက္ကသိုလ် အဆောက်အအုံသစ်များ တည်ဆောက်မှုများကို အထောက်အပံ့ပေးပါသည်။

**(၁-ခ) ပညာရေးနှင့် အသက်မွေးမှု အထောက်အပံ့**

ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက ကျောင်းသားများကို သင်ကြားပေးခြင်း၊ အလုပ်အကိုင်အတွက် အကြံပေးခြင်း၊ လုပ်ငန်းခွင်အကြိုသင်တန်း (Internship)များကို ပံ့ပိုးပေးခြင်း စသည်ဖြင့် အကူအညီပေးနိုင်ပါသည်။ တချို့က ဧည့်ဆရာ (Visiting Lecturer)၊ ဧည့်စာတမ်း ကြီးကြပ်ဆရာ (Visiting Supervisor)၊ နည်းပညာ အကြံပေး (Technical Advisor) စသည်ဖြင့် ပါဝင်တတ်ကြပါသည်။ သူတို့၏ စီးပွားရေးနှင့် လက်တွေ့လုပ်ငန်းအတွေ့အကြုံများက တက္ကသိုလ်၏ သင်ကြားရေး၊ သုတေသနကို ပိုမိုအကျိုးရှိအောင် ပြုလုပ်ပေးနိုင်ပါသည်။

**(၁-ဂ) နိုင်ငံတကာ အဆက်အသွယ်နှင့်အစဉ်အလာကောင်းများပေါ်ထွက်စေမှု**

ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက ယခင်က ၎င်းတို့ဆက်သွယ်ခဲ့သော နိုင်ငံတကာ ပါမောက္ခ၊ ကြီးကြပ်ဆရာဆရာမများကို အသုံးချပြီး





ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်၏ နှစ်အလိုက်အကောင်းဆုံး ကျောင်းသားဟောင်းဆု

အမိတက္ကသိုလ်အတွက် နိုင်ငံတကာ သံတမန်များကဲ့သို့ အလုပ်လုပ်ပေးနိုင်ပါသည်။ စီမံအုပ်ချုပ်မှု၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ စသည့် အစဉ်အလာကောင်းနေရာများတွင် ၎င်းတို့ ရရှိထားသည့် အောင်မြင်မှုများက တက္ကသိုလ်အမည်ကို နိုင်ငံတကာ အဆင့်၊ ကျော်ကြားမှုအဖြစ် မြှင့်တင်ပေးနိုင်ပါသည်။

**(၁-ဃ) စက်မှု၊ သိပ္ပံ၊ နည်းပညာလုပ်ငန်းများနှင့် သုတေသန အချိတ်အဆက်**

ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများထဲမှ ခေတ်နှင့်အညီ နည်းပညာလုပ်ငန်းခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြီးအကဲများက တက္ကသိုလ်နှင့် ပူးပေါင်းမှုများ များပြားစွာ ဖန်တီးပေးပါသည်။ သုတေသန ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာလွှဲပြောင်းပေးမှု၊ စွမ်းဆောင်ရည်မြင့် ထုတ်ကုန်များ ဖန်တီးပေးနိုင်မှု စသည်တို့ များပြားစွာ အကျိုးရှိစေပါသည်။

**(၁-င) အစိုးရနှင့် ခေတ်မီပညာရေးမူဝါဒကို ထောက်ခံပေးနိုင်မှု**

ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ (University Council/Senate)၊ အကြံပေးအဖွဲ့ (Advisory Committee) များတွင် ပါဝင်ကူညီတတ်ကြသလို ခေတ်နှင့်အညီ ဆောင်ရွက်ရမည့် ပညာရေးမူဝါဒအတွက် အားပေးအကျိုးဆောင် ဖြစ်နိုင်ကြပါသည်။

**၂။ ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ အရေးကြီးသည့် အကြောင်း**

- ငွေကြေးတည်တံ့ခိုင်မှု → သူတို့လှူဒါန်းငွေများကြောင့် တက္ကသိုလ်များ၌ အစိုးရငွေများစွာ မလိုအပ်ဘဲ တည်တံ့နိုင်စေပါသည်။
- နံမည်ကြီး၊ ဂုဏ်ကျက်သရေ တိုးတက်မှု → သူတို့၏စီးပွားရေး၊ လုပ်ငန်းခွင်အောင်မြင်မှုများက တက္ကသိုလ်၏ အရည်အသွေးကိုဖော်ပြပေးနိုင်ပါသည်။
- နိုင်ငံတကာဆက်ဆံရေးအကျိုးရှိစေမှု → သူတို့တစ်တွေက နိုင်ငံရေးခေါင်းဆောင်၊ နိုဘယ်ဆု (Nobel Prize) ရသူ၊ စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စသည်ဖြင့် အောင်မြင်နေသည့်အတွက်၊ နိုင်ငံတကာနေရာများတွင် မိခင်တက္ကသိုလ်အတွက် သက်ရောက်မှု ရှိနိုင်ပါသည်။
- ကျောင်းသားဖွံ့ဖြိုးတိုးတက်မှု → တက္ကသိုလ်တွင် သူတို့ပါဝင်နေသည့်အတွက်ကြောင့် ဘွဲ့ရကျောင်းသား ကျောင်းသူအသစ်များ အလွယ်တကူ အလုပ်အကိုင်နှင့် အသက်မွေးမှုကဏ္ဍထဲ ဝင်နိုင်ပါသည်။
- နိုင်ငံတကာအတွေ့အကြုံဖလှယ်မှု → နိုင်ငံရပ်ခြားတွင် နေထိုင်နေသည့် သူတို့တစ်တွေကြောင့် တက္ကသိုလ်များသည် နိုင်ငံတကာ နည်းပညာဖလှယ်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နိုင်ပါသည်။

**ဥပမာများ**

- ဟားဗတ်တက္ကသိုလ် (Harvard University) ကျောင်းသားဟောင်း (Alumni) များ၏ လှူဒါန်းငွေကြောင့် ဒေါ်လာ ငါးဆယ်ဘီလီယံကျော်သော တက္ကသိုလ်ဖွံ့ဖြိုးရေးရန်ပုံငွေများစွာရရှိခဲ့ပါသည်။
- စတန်းဖို့တက္ကသိုလ် (Stanford University) ကျောင်းသားဟောင်းများ ဖန်တီးထားသော Google, Yahoo, LinkedIn စသည့် ကုမ္ပဏီများကြောင့် ကမ္ဘာ့စွမ်းအားမြင့်/ အင်အားကြီးနိုင်ငံကြီးအဖြစ် အမေရိကန်နိုင်ငံက အဆင့်တိုးတက်ခဲ့ပါသည်။
- အောက်စ်ဖို့နှင့် ကိန်းဘရစ်တက္ကသိုလ်များ (Oxford & Cambridge Universities) ကျောင်းသားဟောင်းများက နိုင်ငံတကာ သံတမန်ဆန်ဆန် တက္ကသိုလ်များ၏ အမည်ကို ခိုင်မာ၊ ကျော်ကြားစေပါသည်။
- မက်ဆာချူးဆက် နည်းပညာတက္ကသိုလ် (MIT – Massachusetts Institute of Technology) ကျောင်းသားဟောင်းများ

*စာမျက်နှာ ၁၃ သို့*





Dear Myo Kywe

We are excited to share that a record 2,080 donors came together to raise an amazing $1.75 million for 48 important causes across UQ.

We are incredibly grateful to everyone who joined us this UQ Giving Day. This would not have been possible without the support of our generous donor community.

If you made a gift, stepped forward as an ambassador or helped spread the word – thank you.

**You are a Change Maker.**

Best wishes

**UQ Giving Day Team**

> ❖ **နိုင်ငံတကာတွင် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက တက္ကသိုလ်အတွက် အကြီးမားဆုံး လှူဒါန်းသူများဖြစ်ကြပါသည်။ အမေရိကန်နိုင်ငံ ဟားဗတ်(Harvard)၊ စတန်ဖို့ (Stanford) စသည့် တက္ကသိုလ်များတွင် ၎င်းတို့ လှူဒါန်းငွေကြောင့် အမြဲတမ်းအသုံးချနိုင်သော စုပေါင်းရန်ပုံငွေ (Endowment) များစွာရှိနေတတ်ပါသည်။ ဤငွေကြေးများက တက္ကသိုလ် ကျောင်းသားကျောင်းသူ အထောက်အပံ့၊ သုတေသန၊ ထူးချွန် ဆရာ ဆရာမများ ခေါ်ယူမှု၊ တက္ကသိုလ် အဆောက်အအုံသစ်များ တည်ဆောက်မှုများကို အထောက်အပံ့ပေး**

*စာမျက်နှာ ၁၂ မှ*

ဖန်တီးထားသည့် စီးပွားရေးလုပ်ငန်းများက ကမ္ဘာ့စီးပွားရေးကို ဘီလီယံချီ ထောက်ပံ့ပေးနေပါသည်။

ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများက တက္ကသိုလ်ဖွင့်လှစ်ခဲ့သော သက်တမ်းတစ်လျှောက်လုံး ပယ်ပျောက်မသွားနိုင်သော အမြဲတမ်းဆက်သွယ်ရမည့် မိတ်ဖက်/မိတ်ဆွေများ ဖြစ်ကြပါသည်။ သူတို့မရှိဘဲ တက္ကသိုလ်တစ်ခုသည် ကမ္ဘာ့အဆင့်မီ တက္ကသိုလ် (World-class University) အဖြစ် ရေရှည်တည်တံ့၊ ခိုင်မြဲဖို့ မလွယ်ကူလှပါ။

ကျောင်းသားဟောင်းများသည် -

- Investors (ငွေကြေးပံ့ပိုးသူများ)
- Mentors (ကျောင်းသားများကို လမ်းညွှန်ပေးသူများ)
- Ambassadors (တက္ကသိုလ်အမည် ဂုဏ်ရှိ/အသရေ တိုးတက်စေသူများ)
- Innovators & Collaborators (သုတေသန၊ စက်မှုနည်းပညာလုပ်ငန်းများနှင့် ပူးပေါင်းသူများ) ဖြစ်ကြပါသည်၊

**စာရေးသူ၏ အတွေးတစ်စ**

စာရေးသူ မဟာသိပ္ပံပညာ သင်ကြားခဲ့သော ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်သည် ပညာရပ်စုံ/ဘာသာရပ်အစုံ သင်ကြား၊ သုတေသနပြုနေသော ကမ္ဘာ့နာမည်ကြီး တက္ကသိုလ်ဖြစ်ပါသည်။ ၁၉၀၉ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားဦးရေ ငါးသောင်းကျော် တက်ရောက် သင်ကြားသုတေသနပြုလျက်ရှိပါသည်။ စတင်ဖွင့်လှစ်ကတည်းက ၂၀၂၅ ခုနှစ်အထိ ဘွဲ့ရ ကျောင်းသားကျောင်းသူ ၃၃၂,၀၀၀ ကျော်ရှိပြီး ဖြစ်နေပါသည်။ စာရေးသူဆီသို့ နှစ်စဉ် တက္ကသိုလ်မှ ဆက်သွယ်လျက်ရှိနေပြီး အလှူငွေအနည်းဆုံး ဩစတြေးလျတစ်ဒေါ်လာမှအစ ယနေ့အထိ အလှူခံလျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၌ စာရေးသူ တာဝန်ထမ်းဆောင်စဉ်က ကြုံတောင့်ကြုံခဲ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အခမ်းအနားနှင့် ကြုံခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ်သည် တစ်ချိန်က မြန်မာနိုင်ငံတွင်သာမက အရှေ့တောင် အာရှနိုင်ငံများအကြား နာမည်ကြီးတက္ကသိုလ်ဖြစ်ခဲ့ပါသည်။ ထိုစဉ်က တာဝန်ရှိသူအချို့ကိုရန်ကုန်တက္ကသိုလ်ဘွဲ့ရကျောင်းသားများအသင်း (Yangon University Alumni) အကြောင်း မေးမြန်းကြည့်ရာ တက္ကသိုလ်တစ်ခုလုံး၏ ဘွဲ့ရအသင်းနှင့် ဥက္ကဋ္ဌ စသည်တို့ မရှိဘဲ သက်ဆိုင်ရာ ဘာသာရပ်အလိုက် မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ပထဝီ စသည့်အသင်းများကိုသာ အံ့ဩစွာတွေ့ရှိခဲ့ရပါသည်။

ဘာသာရပ်အလိုက် ရန်ပုံငွေများစွာ ရှိသော်လည်း နိုင်ငံတကာ နာမည်ကြီး တက္ကသိုလ်များကဲ့သို့ ပင်မ ရန်ကုန်တက္ကသိုလ်ကြီး၏ ဘွဲ့ရကျောင်းသားဟောင်းရန်ပုံငွေဝေးစွ၊ တက္ကသိုလ်ကြီး၏အသင်းအနေဖြင့် မရှိသေးပါ။ ယနေ့ခေတ်တွင်တော့ ရှိပြီထင်ပါသည်။ ရန်ကုန်တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော မြန်မာနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နာမည်ကြီး ကျောင်းသား ကျောင်းသူများစွာကို မှတ်တမ်းတင်ထားရပါမည်။

တက္ကသိုလ်တစ်ကျောင်းချင်းအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများအသင်းများကလည်း တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီနိုင်ပါကြောင်း မီးမောင်းထိုးပြလိုက်ရပါသည်။ ။

# အောင်ပွဲရ ကရင်ပြည်နယ်အမျိုးသမီးဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြု

**ဘားအံ အောက်တိုဘာ ၂၆**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ထိုက်ထိုက်တန်တန် အနိုင်ရဗိုလ်စွဲသွားသော ကရင်ပြည်နယ် လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ယနေ့ မွန်းလွဲပိုင်းက ဘားအံမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားကိုချစ်မြတ်နိုးကြသော ဒေသခံတိုင်းရင်းသားပြည်သူများက သံလွင်တံတားအဆင်း ဘားအံမြို့အဝင်မုခ်ဦးရှေ့၌ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုကြိုဆိုခဲ့ကြကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံသို့ အောင်ပွဲရအားကစားဘောလုံးအသင်းက တံခွန်စိုက်ဆုဖလားကို အပ်နှံပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် ဘောလုံးအားကစားဝါသနာရှင်များက အောင်ပွဲရ ကရင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအတွက် စုစုပေါင်း ငွေကျပ် ၆၈၅ သိန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံ ဂုဏ်ပြုချီးမြှင့်ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကလောမြို့နယ်၌ Grade-12 ကျောင်းသား ကျောင်းသူများအား ဘာသာရပ် မိတ်ဆက်

**ကလော အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ တောင်ကြီးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဆောင်၍ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများက ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် Grade-12 ကျောင်းသား ကျောင်းသူများအား ဘာသာရပ်မိတ်ဆက်ခြင်း လုပ်ငန်းအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကလောမြို့နယ် စီမခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက အမှာစကားပြောကြားပြီး တောင်ကြီးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုးက ဘာသာရပ် မိတ်ဆက်ခြင်းလုပ်ငန်း ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တောင်ကြီးတက္ကသိုလ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများက ကလောမြို့နယ်အတွင်းရှိ Grade-12 ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် အသိပညာပေးဟောပြောဆွေးနွေးပို့ချပေးလျက်ရှိကြောင်းနှင့် ဟောပြောပွဲများကို ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)တို့တွင် ခြောက်နေရာခွဲ၍ ဘာသာရပ်အလိုက် အသိပညာပေး ဟောပြောဆွေးနွေးပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တပ်ကုန်းမြို့၌ သဘာဝမြေဆွေးပုံများပြုလုပ်ခြင်းသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်ကုန်းမြို့နယ်၌ မိုးစပါးအပါဝင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးနှင့် သဘာဝမြေဆွေးပုံပြုလုပ်ခြင်း သင်တန်းကို ယမန်နေ့က ရေအေးကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ (KC) ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါပညာပေးသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ သီးနှံထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ သဘာဝပိုးသတ်ဆေးများသုံးစွဲရေးနှင့် စိုက်ပျိုးရေမျာ အလေအလွင့်မရှိ အကျိုးရှိစွာ သုံးစွဲရေး ပညာပေးပြောကြားခဲ့ပြီးနောက် တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များ မေးမြန်းကြရာ ဦးစီးအရာရှိနှင့် စိုက်ပျိုးရေးပညာပေးဝန်ထမ်းများက ပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးတောင်သူများ သဘာဝမြေဩဇာများ ကိုယ်တိုင်ပြုလုပ်အသုံးချတတ်စေရေးအတွက် ဦးစီးအရာရှိ ဦးအေးမင်းထွန်းက ကြီးကြပ်၍ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများက သဘာဝမြေဩဇာပြုလုပ်ခြင်းနည်းပညာရပ်ဖြင့် လက်တွေ့မြေဆွေးပုံပြုလုပ်ခြင်း သင်ကြားပေးခဲ့ပြီးနောက် စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ကော့မှူးမြို့နယ်၌ ဒေသခံအစုအဖွဲ့ပိုင် ဝါးစိုက်ခင်းသို့ သင်တန်းသား သင်တန်းသူများ လာရောက်လေ့လာ

**ကော့မှူး အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် သစ်တောဦးစီးဌာန စီမံအုပ်ချုပ်မှုနယ်မြေအတွင်းရှိ မြောက်ချောင်ကျေးရွာအုပ်စု ရေတာရှည်ကျေးရွာရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ဝါးစိုက်ခင်း ၁၂၅ ဧကသို့ ယနေ့နံနက်က AFOCO REATC ဝါးပစ္စည်းထုတ်ကုန်သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၂၀ နှင့် သင်တန်းဆရာ ဆရာမ ငါးဦးတို့ပါဝင်သော သင်တန်းကျောင်းလေ့လာရေးအဖွဲ့များက လာရောက်လေ့လာနေကြကြောင်း သိရသည်။

အဆိုပါလာရောက်လေ့လာသူများအား မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးလှမင်းက စိုက်ပျိုးထားရှိသော ဝါး ၂၆ မျိုးအကြောင်းနှင့် ဝါးစိုက်ပျိုးနည်းများကို ပြောကြားခဲ့ပြီး တောင်ချောင်ကျေးရွာအုပ်စု မူလတန်းကျောင်းတွင် ဝါးအခြေခံလက်မှုလုပ်ငန်း လုပ်ကိုင်နေသူများ ရက်လုပ်လျက်ရှိသော ဖျာ၊ တောင်း၊ ဆန်ကော၊ ဆန်ခါနှင့် ခြင်းများကို လေ့လာကြခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# မဟာအောင်မြေမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၃ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ်လူငယ် မျိုးဆက်သစ်များအနေဖြင့် စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ရရှိသည့်ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်စေရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နှုတ်မှုစွမ်းရည်များ တိုးတက်ပြီး ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသည့် သတ္တိများရှိလာစေရန် ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းနုအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

**ရွှေတိုး**



## အမေရိကန်သမ္မတ ထရမ့်က ကနေဒါနိုင်ငံအပေါ် အခွန်စည်းကြပ်မှု ၁၀ ရာခိုင်နှုန်းတိုးသွားမည်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

ကနေဒါနိုင်ငံ အွန်ထရီယိုပြည်နယ်က အကောက်ခွန်ဆန့်ကျင်ရေး ကြော်ငြာထုတ်လွှင့်ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကနေဒါနိုင်ငံအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်းတိုးသွားမည်ဟု ကြေညာခဲ့သည်။

အဆိုပါကြော်ငြာမှာအလိမ်အညာဟု ပြောဆိုခဲ့ပြီး လွဲမှားသည့် အချက်များကို တင်ပြခြင်းနှင့် ရန်လိုသည့်အပြုအမူများကြောင့် အခွန်တိုးမြှင့်ခြင်းဖြစ်သည်ဟု ထရမ့်က လူမှုကွန်ရက်မီဒီယာတွင် အောက်တိုဘာ ၂၅ ရက်က ပြောသည်။

အဆိုပါကြော်ငြာထဲတွင် အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်၏ရေရှည်တွင်အကောက်ခွန်များသည် အမေရိကန်၏စီးပွားရေး တိုးတက်မှုကို ထိခိုက်စေလိမ့်မည်ဟူသောမှတ်ချက်ကို ကိုးကားထားသည်။ ထရမ့်၏ဝေဖန်မှုကိုတုံ့ပြန်သည့်အနေဖြင့် အောက်တိုဘာ ၂၇ ရက်မှစတင်၍ အဆိုပါကြော်ငြာကို ရုပ်သိမ်းသွားမည်ဟု အွန်ထရီယိုပြည်နယ်က ကြေညာခဲ့သည်။

အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့ကြား ကုန်သွယ်ရေး



သဘောတူညီချက်နှင့် ကိုက်ညီမှုရှိသည့် ကုန်ပစ္စည်းများကို ကင်းလွတ်ခွင့်များပေးထားချိန်တွင် ကနေဒါကုန်စည်များအပေါ် အခွန် ၃၅ ရာခိုင်နှုန်း အခြေခံအားဖြင့် စည်းကြပ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## ၁၂ နှစ်ကြာ ပိတ်ထားခဲ့ပြီးနောက် လစ်ဗျားနိုင်ငံ ဆာ့တာလေဆိပ် ပြန်လည်ဖွင့်လှစ်

**ထရီပိုလီ အောက်တိုဘာ ၂၆**

လစ်ဗျားနိုင်ငံ ကမ်းရိုးတန်းမြို့ ဆာ့တာတွင်ရှိသော ဆာ့တာအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၁၂ နှစ်ကြာ ပိတ်ထားခဲ့ရပြီးနောက် အောက်တိုဘာ ၂၅ တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း လစ်ဗျားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ လေဆိပ်ပြန်လည်ဖွင့်လှစ်ပြီးနောက် ခရီးသည်တင် လေယာဉ်သုံးစင်း ဆိုက်ရောက်ခဲ့သည်ဟု သိရသည်။

ခရီးသည်တင်လေယာဉ်နှစ်စင်းမှာ ထရီပိုလီမြို့မှ ထွက်ခွာလာခြင်းဖြစ်ပြီး လစ်ဗျားနိုင်ငံပိုင် မက်စကိုင်းလေကြောင်းလိုင်းနှင့် ဘူရတ်ခ်လေကြောင်းလိုင်းတို့မှ လေယာဉ်များဖြစ်ကြသည်။ တတိယခရီးသည်တင် လေယာဉ်မှာ ဘန်ဂါဇီမြို့မှ ထွက်ခွာလာခြင်းဖြစ်ပြီး ဘာနစ်ခ်လေကြောင်းလိုင်းမှ လေယာဉ်ဖြစ်သည်။

လေဆိပ်ဧရိယာမှာ ၂၅ စတုရန်းကီလိုမီတာဖြစ်ပြီး နှစ်စဉ် ခရီးသည် ၅၀၀၀၀၀ အထိ ဝန်ဆောင်မှုပေးနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။ အဆိုပါလေဆိပ်သည် ၂၀၁၃ ခုနှစ်ကတည်းက ပဋိပက္ခများနှင့် အပျက်အစီးများကြောင့် ပိတ်ထားခဲ့ရသည်။ ကုလသမဂ္ဂ အစီရင်ခံစာအရ ဆာ့တာမြို့သည် ထရီပိုလီနှင့် ဘန်ဂါဇီမြို့ကြားတွင်ရှိပြီး အဓိကရေနံထုတ်လုပ်သည့် နေရာများ၊ တင်ပို့သည့်ဆိပ်ကမ်းများနှင့်နီးကပ်သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံက အာကာသအတွင်းသို့ ကုန်တင်အာကာသယာဉ် အောင်မြင်စွာ လွှတ်တင်

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံသည် ကုန်တင်သယ်ယူပို့ဆောင်ရေး အာကာသယာဉ် HTV-X ကို အာကာသအတွင်းသို့ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်ကို တင်ဆောင်သည့် H3 ဒုံးပျံကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီဝန်းကျင်တွင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း တာနီဂါရှီးမား အာကာသစင်တာမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။





ဂျပန်နိုင်ငံက တီထွင်ထုတ်လုပ်ထားသော အဆိုပါ ကုန်တင် သယ်ယူပို့ဆောင်ရေး အာကာသယာဉ် HTV-X ကို စမ်းသပ်ပစ္စည်း ကိရိယာများနှင့် အခြားပစ္စည်းကိရိယာများ နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) သို့ ပို့ဆောင်ရန် ဒီဇိုင်းဆွဲ ထုတ်လုပ်ထားခြင်းဖြစ်သည်။

HTV-X သည် ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံတကာအာကာသစခန်းသို့ ကုန်ပစ္စည်းများ ပို့ဆောင်ပေးခဲ့သည့် Kounotori အာကာသယာဉ်၏ နေရာကို အစားထိုး အသုံးပြုလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ကုန်တင်သယ်ယူ ပို့ဆောင်ရေး အာကာသယာဉ်အသစ်သည် ယခင်ကအသုံးပြုခဲ့သည့် အာကာသယာဉ်ထက် ကုန်စည် ၅၀ ရာခိုင်နှုန်း ပိုမိုတင်ဆောင်နိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ၌ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၆ သန်းခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၆**

ပါကစ္စတန်အာဏာပိုင်များသည် နိုင်ငံ၏ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်၌ ကြီးမားသည့်မူးယစ်ဆေးဝါးမှောင်ခိုကူးရန် ကြိုးပမ်းနေမှုကို တားဆီးနိုင်ခဲ့ပြီး ရူပီး ၁၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၆ သန်းခန့်)တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း ဖက်ဒရယ်အခွန်ဘုတ်အဖွဲ့(အက်ဖ်ဘီအာ) က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ဘလိုချီစတန်ပြည်နယ် နော့ရှ်ကီခရိုင်၌ ထရပ်ကားတစ်စီးကို နယ်မြေစစ်ဆေးရေးအဖွဲ့ (အက်ဖ်အီးယူ) က တားဆီးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၅ ရက် ညနေပိုင်းထုတ်ပြန်ချက်အရ သိရသည်။ အာဏာပိုင်များက အဆိုပါ ယာဉ်မှ စိတ်ကြွဆေး ၃၀၀ ကီလိုဂရမ်ခန့် ရှာဖွေတွေ့ရှိခဲ့ပြီး သံသယရှိသူနှစ်ဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယခုသီတင်းပတ်အစောပိုင်းကလည်း ပါကစ္စတန်ရေတပ်တပ်ဖွဲ့များသည် အာရေဗျပင်လယ်၌ ရွက်သင်္ဘောအတွင်းမှ အမေရိကန်ဒေါ်လာ ၉၇၂သန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## နီပေါနိုင်ငံ၌ လက်ရှိဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပကုန်သွယ်မှု မြင့်တက်

**ခတ္တမန္ဒူ အောက်တိုဘာ ၂၆**

ပို့ကုန်သွင်းကုန် မြင့်တက်လာခြင်းကြောင့် လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း နီပေါနိုင်ငံ၏ ပြည်ပကုန်သွယ်မှု မြင့်တက်လာကြောင်း အကောက်ခွန် ဦးစီးဌာနက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

**၂၆ ဒသမ ၀၄ ရာခိုင်နှုန်း မြင့်တက်**

ဇူလိုင်လလယ်မှ အောက်တိုဘာလလယ်ကြား နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းပမာဏမှာ ယမန်နှစ်ကထက် ၂၆ ဒသမ ၀၄ ရာခိုင်နှုန်း မြင့်တက်လာကာ နီပေါရူပီး ၅၄၀ ဒသမ ၈၆ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း အဆိုပါဌာနက ပြောသည်။

ပို့ကုန်များမှာ ၈၉ ဒသမ ၆၄ ရာခိုင်နှုန်းမြင့်တက်မှုရှိပြီး နီပေါရူပီး ၇၂ ဒသမ ၇၈ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ သွင်းကုန်များမှာလည်း ၁၉ ဒသမ ၇၉ ရာခိုင်နှုန်း မြင့်တက်မှုရှိပြီး နီပေါရူပီး ၄၆၈ ဒသမ ၀၈ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



## သီရိလင်္ကာနိုင်ငံ၌ ဆိုးရွားသည့်ရာသီဥတုကြောင့် လူပေါင်း ၁၁၆၂၃ ဦး ရေဘေးသင့်

**ကိုလံဘို အောက်တိုဘာ ၂၆**

သီရိလင်္ကာနိုင်ငံ၌ လက်ရှိတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံသား ၁၁၀၀၀ ကျော် ရေဘေးသင့်ခဲ့ရကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု စင်တာ (ဒီအမ်စီ)က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

ဆိုးရွားသည့်ရာသီဥတုကြောင့် မိသားစု ၇၉၄၄ စုမှ လူပေါင်း ၁၁၆၂၃ ဦးကို ထိခိုက်ခဲ့ရကြောင်းနှင့် နေအိမ် ၈၄၇ လုံး ပျက်စီးသွားကြောင်း ဒီအမ်စီက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံရှိ မြစ်အချို့တွင် ရေများမြင့်တက်နေသဖြင့် မြေနိမ့်ဒေသများတွင် နေထိုင်သူများ နိုးနိုးကြားကြားသတိရှိကြရန် ဆည်မြောင်းဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ရှိကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းနှင့် မြောက်အလယ်ပိုင်း ပြည်နယ်များ၊ Trincomalee နှင့် Batticaloa ခရိုင်တို့တွင် လာမည့် ၂၄ နာရီအတွင်း မိုးထစ်ချုန်း ရွာသွန်းမှု ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသဌာနက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

**ဆင်ဟွာ**

# မန္တလေးငလျင်ဒဏ်ကြောင့် အင်းလေးဒေသအတွင်း ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ပစ္စည်းဖိုးငွေများ ပေးအပ်

**ညောင်ရွှေ အောက်တိုဘာ ၂၆**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသအတွင်းရှိ နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေးအတွက်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပစ္စည်းတန်ဖိုးငွေများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကေလာကျေးရွာအုပ်စု ဇရပ်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ပစ္စည်းဖိုးငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ငွေများ ပေးအပ်ကြရာ မန္တလေးငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဒေသခံနေအိမ်ပိုင်ရှင်များက လက်ခံရယူခဲ့သည်။ (ဓာတ်ပုံ)

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များက တစ်ဦးချင်းစီအတွက် ထောက်ပံ့ပေးအပ်ငွေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးများသည် သလဲဦးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာရှိ အင်းလေးကန်အတွင်း သောက်သုံးရေဖြန့်ဖြူးပေးနေသည့် စက်ရေတွင်းနှင့် ရေလှောင်ကန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

# ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်း ဟောပြော

**မန္တလေး အောက်တိုဘာ ၂၆**

ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဟောပြောပွဲကို ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီမှ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Triumph Hotel ၌ ကျင်းပခဲ့သည်။ (ဓာတ်ပုံ)

အခမ်းအနားတွင် လွန်ခဲ့သည့် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် ဝမ်းနည်းခြင်းအဖြစ် တက်ရောက်လာသူ အာမခံကိုယ်စားလှယ်များနှင့် မိတ်ဖက်လုပ်ငန်းရှင်များက စက္ကန့် ၆၀ မတ်တတ်ရပ်၍ ငြိမ်သက်ကာ မေတ္တာပို့သခြင်းပြုခဲ့ကြသည်။

ထို့နောက် ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီ၏ တာဝန်ရှိသူများက ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးနှင့်ပက်သက်၍ အသိပညာပေးအကြောင်းအရာများမျှဝေခဲ့ပြီး အာမခံဝန်ဆောင်မှုအကောင်းဆုံးလုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိခဲ့သော အာမခံကိုယ်စားလှယ်များအား စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ဆုရရှိသော အာမခံကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**





မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်က မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မင်းသူဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်စဉ်။ ဇေယျာ(မြောင်းမြ)




ကွမ်းခြံကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသန့်ဇင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်စဉ်။ ဆွေနွယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနက အောက်တိုဘာ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်သက်ထူး ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထက်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး လှည့်လည်ဆော်သြစဉ်။ ဝတ်ရည်(ပြန်/ဆက်)

# သရက်မြို့၌ အသက် ၅၅ နှစ်အထက် ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးနိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဂါရဝပြုကန်တော့ပွဲကျင်းပ

**သရက် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့ ခတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အသက် ၅၅ နှစ်အထက် ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးနိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သီတင်းကျွတ်ဂါရဝပြု ကန်တော့ပွဲအခမ်းအနားကို ယမန်နေ့က ခရိုင်ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် သရက်ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာအုပ်စိုးလင်းက လက်ရှိ တာဝန်ထမ်းဆောင်နေသော အသက် ၅၅ နှစ်အထက် ကျန်းမာရေး ဝန်ထမ်းများအား သီတင်းကျွတ်အခါသမယ ဂါရဝပြု ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးရုံအုပ် ဒေါက်တာအုပ်စိုးလင်းနှင့် တာဝန်ရှိသူများက လက်ရှိတာဝန်ထမ်းဆောင်နေသော အသက် ၅၅ နှစ်အထက် ကျန်းမာရေးဝန်ထမ်း ၂၁ ဦးအား ဂါရဝပြုကန်တော့ကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး ကျန်းမာရေးနိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၅၆ ဦးတို့အား အိမ်တိုင်ရာရောက် သွားရောက်၍ ဂါရဝပြုကန်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်အတွင်းရှိသမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ အသင်းအချင်းချင်းပံ့ပိုးငွေ၊ သက်တန့်ရောင်စီမံကိန်းရန်ပုံငွေတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများအား သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနနှင့် တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်နှင့် ပင်းတယမြို့နယ်သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် သမဝါယမအသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိုးစပါးစီမံကိန်း (သက်တန့်ရောင်စီမံကိန်း) မှ မိုးစပါးစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် တောင်ကြီးမြို့နယ် သမဝါယမအသင်းများမှ စိုက်ပျိုးထားသော ရွှေရင်အေး၊ ရွှေအပ်စပါးမျိုး စိုက်ဧက ၇၀၀၊ ညောင်ရွှေမြို့နယ်မှ ရွှေရင်အေးနှင့် ရွှေအပ်စပါးမျိုး စိုက်ဧက ၃၈၀ နှင့် ကလောမြို့နယ်မှ ရွှေရင်အေးနှင့် ရွှေအပ်စပါးမျိုး စိုက်ဧက ၃၅၀ တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အသင်းမှ ထွက်ရှိလာသည့် စပါးများအား ဈေးကွက်ပိုမိုရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရှမ်းပြည်နယ်အနေဖြင့် မိုးစပါး စီမံကိန်းအား မြို့နယ် ၁၄ မြို့နယ်ရှိ သမဝါယမအသင်း



၃၄ သင်းမှ မိုးစပါးစိုက်ဧက ၅၀၉၆ ဒသမ ၅ ဧက စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးကဏ္ဍတွင် မြို့နယ်ခြောက်မြို့နယ်ရှိ သမဝါယမအသင်း ခုနစ်သင်းမှ နွားကောင်ရေ ၃၈၀ အား မွေးမြူထားရှိကြောင်းနှင့် ဆောင်းနေကြာစီမံကိန်းကို မြို့နယ် သုံးမြို့နယ်မှ စိုက်ဧက ၅၀၀၀ အား စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသည့် သီးနှံများကို ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်း အချင်းချင်း ချိတ်ဆက်ဝယ်ယူ၍ သမဝါယမအသင်းပိုင် ဆီစက်များတွင် စနစ်တကျကြိတ်ခွဲကာ သက်သာသောဈေးနှုန်းများဖြင့် သမဝါယမအသင်းသားများသာမက အများပြည်သူများသို့ပါ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရေနံချောင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော

**ရေနံချောင်း အောက်တိုဘာ ၂၆**
ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကိုအောက်တိုဘာ ၂၂ ရက်က ရွှေကြာငုံရပ်ကွက် အမှတ်(၈) အခြေခံပညာမူလတန်း(ဗိုလ်ချုပ်)ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူအများကြားတွင် ရဲဝံ့စွာ ပြောဆိုတတ်စေရန်နှင့် အမှားအမှန် ဝေဖန်ခွဲခြားတတ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



**ပခုက္ကူ စက်တင်ဘာ ၂၆**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲကို အောက်တိုဘာ ၂၅ ရက်က ပခုက္ကူမြို့ အမှတ်(၁၇) အခြေခံပညာ အလယ်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ချိုချိုမာက လူငယ်နှင့်ဉာဏ်ပညာ ကောင်းမွန်စေသောနည်းလမ်းများ၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း(ပခုက္ကူ)က မှာချင်တယ် မောင်မယ်မလွှမ်းနဲ့၊ စာရေးဆရာ ချောင်းဆုံ(မျိုးချစ်)က အောင်မြင်ခြင်းနှင့် ပရဟိတ၊ စာရေးဆရာ အောင်ဝင်း(မျိုးချစ်သူ-ရေစကြိုသား)က ကျောင်းသင်ခန်းစာများ ကြိုးစားလေ့လာခြင်းကြောင့် အောင်မြင်တိုးတက်သော အထူးကုဆရာဝန်တစ်ဦးအကြောင်း ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောကြသည်။

**ဘာမီသာ(ပခုက္ကူ)**



## မြောင်းမြမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မြောင်းမြ အောက်တိုဘာ ၂၆**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ဆောင်းဆီထွက်သီးနှံ(နေကြာ၊ ပဲပုပ်)မျိုးစေ့ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက်က ကန်ကြီးကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်တိုးမြှင့်ကော်မတီဝင်များက တောင်သူ ဦးခင်မောင်ဝင်း ကွင်း ၂၂၃၊ ဦးပိုင် ၅၇/၂ လယ်မြေ ၈ ဧကတွင် အောင်နိုင်တိုးစပါး စံပြကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးက စိုက်ပျိုးရေးဆိုင်ရာများအား အသိပညာပေး ဆွေးနွေးခြင်းနှင့် ဆောင်းဆီထွက်သီးနှံ (နေကြာ၊ ပဲပုပ်) မျိုးစေ့ပေးအပ်သည်။

**ဇေယျာ(မြောင်းမြ)**

## ကော့မှူးမြို့နယ်၌ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များလိုက်လံငှားရမ်းပေး



**ကော့မှူး အောက်တိုဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများ အရောက် စာအုပ်များ အခမဲ့ လိုက်လံငှားရမ်းပေးသည်။

ကော့မှူးမြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများနှင့် ကျေးရွာ/ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများအရောက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့်သုတ၊ ရသစာအုပ်များ၊ ကလေးစာပေများ၊ စာဖတ်သူအကြိုက် စာအုပ်၊ စာစောင်များကို နှစ်ပတ်တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိရာ စာပေဝါသနာရှင်များနှင့် ကျောင်းသားလူငယ်များ အထူးသဘောကျ နှစ်ခြိုက်လျက်ရှိသည်။

**ကျော်သူရ(ကော့မှူး)**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများကို အောက်တိုဘာ ၂၄ ရက်က မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ဖြိုးလင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ဖြင့် ရပ်ကွက်များအတွင်း လှည့်လည်နှိုးဆော်စဉ်။

မြို့နယ်(ပြန်/ဆက်)

## တံတားမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ် စာစောင်ပြသ



**တံတား အောက်တိုဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ကို ပြသခြင်းကို အောက်တိုဘာ ၂၄ ရက်က ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးနံရံကပ် စာစောင်တွင် ကလေးအလုပ်သမားဆိုသည်မှာ ဥပဒေကခွင့်ပြုထားသော အသက်အရွယ်ထက် ငယ်ရွယ်ခြင်း၊ ဥပဒေပါကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ်ကန့်သတ်ချက်များ၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အဓမ္မ အလုပ်ခိုင်းစေမှုဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်များ၊ ကလေးအလုပ်သမား ဖြစ်ပေါ်စေသည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဥပဒေအရ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန် အချက်များ ပါဝင်ပြီး ပြည်သူများ လာရောက်ကြည့်ရှုသည်။

**ကျော်ဆန်း**



မွန်ပြည်နယ် သထုံမြို့နယ်၌ ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူများ ပူးပေါင်းကာ အောက်တိုဘာ ၂၅ ရက်က အောက်ကျင်းရပ်ကွက်ရှိ သုဝဏ္ဏာဈေးနှင့် မြို့မဈေးတို့၌ မီးဘေးလုံခြုံရေးကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်မျိုးအောင်နှင့် တာဝန်ရှိသူများက စစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ဆုံဆို့ မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံ



**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဆုံဆို့ မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၃ ရက်က မြို့နယ် ဒေသန္တရဆေးပေးခန်း၌ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေသန္တရဆေးပေးခန်းမှ ကျန်းမာရေးမှူး ဦးမောင်လေး ဦးဆောင်၍ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းများတွင် ကာကွယ်ဆေးလိုက်လံထိုးနှံပေးရာ၌ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိခဲ့သည့် မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ KG ကလေးငယ်များအား ဆုံဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်ထက် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အခြားကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## တောင်ငူမြို့ မဟာမုနိကေလဇာတီစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပွဲကျင်းပ

**တောင်ငူ အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မဟာမုနိကေလဇာတီစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲအခမ်းအနားနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မဟာမုနိကေလဇာတီ စေတီတော်၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် အလှူရှင်များက သံဃာတော် အရှင်မြတ်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ပြီး မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်သည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်း ချည်နှောင်ပြီး ဆရာတော် အရှင်မြတ်များထံ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ယာယီစံကျောင်းမှ ပန်းရထားဖြင့် ပင့်ဆောင်မည့် မင်္ဂလာမဏ္ဍပ်သို့ စေတီတော်ကို လက်ယာရစ် တစ်ပတ်ပတ်ပြီး ပင့်ဆောင်သည်။

ထို့နောက် ခုနစ်ရက်သားသမီး အလှူရှင်များက သတ်မှတ်နေရာ အသီးသီးတွင် နေရာယူ၍ ထီးတော်၊ ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပန်းရထားဖြင့် တင်လှူပူဇော်ပြီး ဆရာတော် အရှင်မြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၂၆၅၀ အထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၂၆၅၀ အထိ စိုက်ပျိုးပြီးစီး သွားပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နေကြာစိုက်ဧက ၁၆၁၅၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ



နေကြာသီးနှံစိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာသီးနှံ ဧက ၂၆၅၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ နေကြာသီးနှံ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေး နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာသီးနှံ ဧက ၁၆၁၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားစိုက်ဧကပြည့်မီစေဖို့ အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက ၂၆၅၀ အထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းများ တိုးတက်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ နေကြာသီးနှံ စိုက်ပျိုးတာကို သီးသန့်စိုက်ပျိုးကြသလို အခြားသီးနှံများတွေ ရောနှောပြီး သီးညှပ်စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ကျွန်းစုမြို့၌ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

**ကျွန်းစု အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြိတ်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၄ ရက်က ကပကျေးရွာ (Smart Village) ၌ စတင်ဖွင့်လှစ်သည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားကာ သင်တန်းသူ ထူးချွန်ဆု၊ သင်တန်းဆင်း လက်မှတ်များနှင့် အမှတ်တရ လက်ဆောင်များကို တာဝန်ရှိ



သူများက ပေးအပ်သည်။ သင်တန်းတွင် ချောကလက်ဒိုးနတ်၊ တူနာငါးညှပ်ပေါင်မုန့်၊ မွေးနေ့ကိတ်၊ ငှက်ပျောသီးကိတ်၊ ပျားရည်အလွှာကိတ်၊ မာဖင်၊ ပူတင်းခွက်၊ အုန်းနံ့ကထိုင်၊ ပဲချောင်းအစိမ့်၊ ငရုတ်သီးနှမ်းကပ်ကြော်၊ ထောပတ်ကွတ်ကီးအပါအဝင် ကွတ်ကီးအမျိုးမျိုး၊ ဒူးရင်းသီးအနှစ်ပါသည့် မုန့်/ပေါင်မုန့် စသည့် စားသောက်ကုန် ၁၇ မျိုး ပြုလုပ်နည်းများကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ သင်တန်းသူ၂၀ အားစာတွေ့ လက်တွေ့ အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## အောင်လံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

**အောင်လံ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပသော အမြဲမပြတ်လေ့လာ သင်ယူရေးစကားဝိုင်း(Never Stop Learning Talk Show)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီရိအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး G-11 မှ မောင်ဇွဲဇာနည်နှင့် မနန်းအိကလျာဖြိုး၊ G-10 မှ မောင်ဝင်းအောင်ကျော်နှင့် မယွန်းစန္ဒီဆွေတို့က စာရေးဆရာနန္ဒရေးသားသော ငါ့ခါး ငါ့သွေး ငါ့ရောဝတီစာအုပ်ကို ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးပြောကြားသည်။

**မျိုးသိန်း(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



## ဆိပ်ဖြူမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး

**ဆိပ်ဖြူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းကို ဆိပ်ဖြူ(အထက)ကျောင်း နဝရတ်ခန်းမ၌ အောက်တိုဘာ ၂၄ ရက်က ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားတွင် ဆိပ်ဖြူ(အထက)ကျောင်းအုပ်ဆရာကြီး ဦးမျိုးအောင်က အသိပညာပေးဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်က စာဖတ်ရှိန်မြှင့်မားတိုးတက်ရေး၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် ကျောင်းသား ကျောင်းသူများအား လူငယ်နှင့်အချိန်ကို တန်ဖိုးရှိရှိ အသုံးပြုနေထိုင် ဆောင်ရွက်နိုင်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုဇွဲ(အညာမြေ)**



## မအူပင်ခရိုင်၌ Woman Club အဖွဲ့ဝင်များနှင့် ဆွေးနွေး

**မအူပင် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ Woman Club အဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ ရက်က ဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက ဆွေးနွေးပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး Woman Club အဖွဲ့ဝင်များက မိမိတို့အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ Woman Club အဖွဲ့ဝင်များ တက်ရောက်ကြပြီး တက်ရောက်လာသူများက ပြသထားသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး နံရံကပ် စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ် စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြသခြင်းကို အောက်တိုဘာ ၂၅ ရက်က ရေတွင်းကုန်းကျေးရွာအုပ်စုရှိ Denko စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနောင်နောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ငဖဲမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ



**ငဖဲ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က ဇီးတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ငဖဲမြို့နယ် ဇီးတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ယုယုသိန်းက လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး သိကောင်းစရာများ၊ အသိပညာဗဟုသုတ တိုးပွားစေရန်၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အတွေးအခေါ်ရင့်သန် မှန်ကန်စေရန်အတွက် ကျောင်းစာသာမက သုတရသ စာအုပ် စာပေများကိုလည်း လေ့လာဖတ်ရှုကြရန်၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ကလေးကြိုက်ရုပ်ပြ၊ ပုံပြင်၊ တေဇစာအုပ်များဖြင့် ကလေးစာဖတ်ဝိုင်းဆောင်ရွက်ပြီး ပြသထားရှိသော ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး နံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မယု(ငဖဲ)**

## မင်းလှမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**အထက်မင်းလှ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို အောက်တိုဘာ ၂၄ ရက်က အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာချိုဝင်းက မူးယစ်ဆေးအစ ဆေးလိပ်ကဆိုသလို ဆေးလိပ်ကိုတောင် မသုံးစွဲကြစေရေး၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးဟူသည်၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းဖြင့် ဖြစ်ပေါ်နိုင်သော စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်းအရင်းများ၊ ကျောင်းသား ကျောင်းသူများမှ မူးယစ်ဆေးဝါးကြောင့် မိမိတို့၏ အနာဂတ်ရည်မှန်းချက်များ မဆုံးရှုံးရလေအောင် မူးယစ်ဆေး မသုံးကြစေရေး အသိပညာပေး ဟောပြောခဲ့သည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## ရွှေပြည်သာမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က ရွှေပြည်သာမြို့နယ် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ) ရွာသာကြီးမှ စစ်ဆေးရေးမှူး(၃) ဦးအောင်ခိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ



ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်း၊ Road Sign များအကြောင်းကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ရွှေပြည်သာ)**

## ကော့သောင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်



**ကော့သောင်း အောက်တိုဘာ ၂၆**

ခမောက်ကြီးမြို့ ယုဇနဆီအုန်းကုမ္ပဏီ၌ နေထိုင်လျက်ရှိသော ဆီအုန်းခြံလုပ်သားများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ခမောက်ကြီးမြို့ ယုဇနဆီအုန်းကုမ္ပဏီ၌ နေထိုင်လျက်ရှိသော ဆီအုန်းခြံလုပ်သား ၂၇၈ ဦးအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် လိုအပ်သည့် အချက်အလက်များကို စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများ၊ မှတ်ပုံတင်လဲလှယ်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်၍ UID (Smart Card) များ ဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ချောင်းဆုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၃ ရက်က ဒေါင်းဥ အလက(ခွဲ)ကျောင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်သည်။

အဆိုပါမီးဘေးအန္တရာယ် ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်ပညာရေးမှူး ဦးလှဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်နှင့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



## ဗိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်က မြို့နယ်သမဝါယမဦးစီးဌာန၌ အောက်တိုဘာ ၂၃ ရက်တွင် စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးသည်။

ထိုသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက်ငှားရမ်းနိုင်ခြင်းမရှိသော၊ လာရောက်ငှားရမ်းရန် အခက်အခဲရှိသော စာပေချစ်မြတ်နိုးသူများအတွက် ဌာနဆိုင်ရာရုံးများသို့ အပတ်စဉ်သွားရောက်၍ နယ်လှည့်ကွင်းဆင်းပြီး သုတ၊ ရသစာအုပ်များ၊ စာငှားသူ၊ စာဖတ်သူကြိုက်နှစ်သက်ရာ စာအုပ်များကို စာငှား၊ စာဖတ်သူများ လက်ဝယ်အရောက် အခမဲ့ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**အိမ်မဲ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ သဘာဝဘေးအန္တရာယ် အကြောင်း အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးလှိုင်က ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး သဘာဝဘေးအန္တရာယ်များဖြစ်သော ဆူနာမီ၊ လေပြင်းဘေး၊ ငလျင်ဘေးခေါင်းစဉ်များဖြင့် ဟောပြောသည်။

ဆက်လက်ပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲများ ကျင်းပရာ အမကမြို့မ(၂)ကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ချစ်သက်လယ်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**တိုက်ကြီး အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစကားဝိုင်းကို အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်နှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းသက်တို့က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လွှတ်တော်အသီးသီးအတွက် အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ၊ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ၊ ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည့်အခြေအနေနှင့်မဲဆန္ဒရှင်ပြည်သူများ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုပါကဆောင်ရွက်ရန်အချက်များကို အသိပညာပေးဆွေးနွေးသည်။**ဝတ်ရည်(ပြန်/ဆက်)**

## Pan Pacific Open ဗိုလ်လုပွဲတွင် ဘင်းဆစ် အနိုင်ရဗိုလ်စွဲ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် Pan Pacific Open အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါ ဘင်းဆစ်က ချက်ဇ်တင်းနစ်မယ် လင်ဒါနော့စကိုဗာကို အနိုင်ယူပြီး ဒုတိယမြောက် ဒဗလျူတီအေ ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။



■ ဆုဖလားနှင့်အတူ တွေ့ရသည့် ဆွစ်ဇာလန်တင်းနစ်မယ် ဘင်းဆစ်

၎င်းသည် အဆိုပါ ဗိုလ်လုပွဲစဉ်တွင် ပြိုင်ဘက်ကို ၆-၂၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၂၈ နှစ်အရွယ် ဘင်းဆစ်သည် ဖေဖော်ဝါရီလက ကျင်းပခဲ့သည့် အဘူဒါဘီအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက် အမေရိကန်တင်းနစ်မယ် ခရူဂါကို အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးထားနိုင်သူ ဖြစ်သည်။

ဘင်းဆစ်သည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဂရာချီဗာ၊ မူချိုဗာ၊ ကီနင်တို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

အသက် ၂၀ အရွယ် နော့စကိုဗာသည် အောက်တိုဘာလအစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် တရုတ်အိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက် အမေရိကန်တင်းနစ်မယ် အနီဆီမိုဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ထားသူ ဖြစ်သည်။

## မိုချန်ဂလာဘတ်ချ်ကို အနိုင်ယူပြီး စံချိန်တင် ၁၃ ပွဲဆက် နိုင်ပွဲရရှိခဲ့သည့် ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်အသင်းသည် အောက်တိုဘာ ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၈) တွင် မိုချန်ဂလာဘတ်ချ်အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည့်အတွက် စံချိန်တင် ၁၃ ပွဲဆက် နိုင်ပွဲရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ယှဉ်ပြိုင်ကစားထားသည့် ပွဲစဉ် ၁၃ ပွဲတွင် ၁၃ စလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။ ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ၁၉၉၂-၁၉၉၃ ရာသီက အေစီမီလန်အသင်း စံချိန်တင်ထားသော မှတ်တမ်းကို လိုက်မီခဲ့ပြီ ဖြစ်သည်။

နည်းပြ ဗင်းဆင့်ကွန်ပနီ၏ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါတွင် ရှစ်ပွဲကစားပြီး ရှစ်ပွဲစလုံးနိုင်ပွဲရရှိကာ ရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းသည် အဆိုပါ ရှစ်ပွဲတွင် အသင်းတိုက်စစ်က ဂိုး ၃၀ အထိ သွင်းယူထားပြီး ခံစစ်က လေးဂိုးသာ ပြန်လည်ခွင့်ပြုပေးထားရသေးသည်။



စပိန်လာလီဂါပွဲစဉ် (၁၀) မှ ဘက်တစ်နဲ့ အက်သလက်တီကိုမက်ဒရစ် (အေတီမက်) အသင်းပွဲစဉ်ကို အောက်တိုဘာ ၂၈ ရက် နံနက် ၂ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရမှတ်ကွာခြားမှုမရှိတဲ့အပြင် ခြေရည်တူ နှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## အဝေးကွင်းအားနည်းတဲ့ အေတီမက်ကို အိမ်ကွင်းအားသာတဲ့ ဘက်တစ် အနိုင်ယူနိုင်မလား



**ဘက်တစ် VS အေတီမက်** နံနက် ၂း၃၀

ဒီနှစ်သင်းက ရမှတ်ကွာခြားမှုမရှိတဲ့အပြင် တိုက်စစ်၊ ခံစစ် တည်ငြိမ်တဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ အေတီမက်က ဒီရာသီမှာကစားခဲ့တဲ့ လိဂ်အဝေးကွင်း လေးပွဲမှာ နိုင်ပွဲရရှိထားခြင်း မရှိဘူး။ ဘက်တစ်က ဒီရာသီ လိဂ်အိမ်ကွင်း လေးပွဲမှာ သုံးပွဲအထိ နိုင်ပွဲရရှိထားတယ်။ အဝေးကွင်းစွမ်းဆောင်ရည်အားနည်းတဲ့ အေတီမက်အနေနဲ့ အိမ်ကွင်းစွမ်းဆောင်ရည် မာကျောတဲ့ ဘက်တစ်အသင်းကို ခက်ခက်ခဲခဲ ကစားရဖွယ်ရှိပြီး မမျှော်ဘင့်ဘဲ ရှုံးနိမ့်သွားနိုင်တယ်။



| ■ စောင့်ကြည့်ရမယ့်ကစားသမား |
|---|
| ဖော်နေးလ် |
| ဘက်တစ် (ကွင်းလယ်) |
| သွင်းဂိုး+ဂိုးဖန်တီးမှု = ၆ |

| ဘက်တစ်နဲ့ အေတီမက်ထိပ်တိုက်တွေ့ဆုံမှု သုံးပွဲရလဒ် | | |
|---|---|---|
| အေတီမက် | ၄-၁ | ဘက်တစ် |
| ဘက်တစ် | ၁-၀ | အေတီမက် |
| အေတီမက် | ၂-၁ | ဘက်တစ် |

| ■ စောင့်ကြည့်ရမယ့်ကစားသမား |
|---|
| အယ်ဗာရက်ဇ် |
| အေတီမက် (တိုက်စစ်) |
| သွင်းဂိုး+ဂိုးဖန်တီးမှု = ၇ |

## လာလီဂါပွဲစဉ် (၁၀) တွင် ဗီလာရီးရဲက ဗလင်စီယာကို အနိုင်ယူပြီး အဆင့် (၃) နေရာ တက်လှမ်း

လာလီဂါပွဲစဉ် (၁၀) မှ အောက်တိုဘာ ၂၆ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဗလင်စီယာနှင့် ဗီလာရီးရဲအသင်းပွဲစဉ်တွင် ဗီလာရီးရဲက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

တန်းဆင်းဇုန်အထက်တွင် ရပ်တည်နေပြီး ရမှတ်လိုအပ်ချက်ရှိနေသည့် ဗလင်စီယာအသင်းသည် နိုင်ပွဲပျောက်ဆုံးမှု ချေဖျက်ရန် အားစိုက်ကစားလာသော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

ဗလင်စီယာအသင်းသည် ဗီလာရီးရဲအသင်းကို ခြေရည်တူကစားကာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ သို့သော်လည်း အဆုံးသတ်သေချာသည့် ဗီလာရီးရဲအသင်းက နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဗီလာရီးရဲအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါပွဲစဉ် (၁၀) အပြီးတွင် ရမှတ် ၂၀ ဖြင့် အမှတ်ပေးဇယား အဆင့် (၃) တွင် ရပ်တည်နေသည်။

ပြိုင်ဘက်ဗလင်စီယာအသင်းက ၁၀ ပွဲကစားပြီး ရှုံးပွဲ ငါးပွဲနှင့်အတူ တန်းဆင်းဇုန်မှ ဆဲလ်တာဗီဂိုအထက် တစ်ပွဲပိုကစားပြီး အဆင့် (၁၇) တွင် ရပ်တည်နေသည်။

## နာပိုလီက အင်တာမီလန်ကို အနိုင်ယူပြီး အမှတ်ပေးဇယား ဦးဆောင်

အီတလီစီးရီးအေ ပွဲစဉ် (၈) မှ အောက်တိုဘာ ၂၅ ရက် ည ၁၀ နာရီခွဲ ယှဉ်ပြိုင်ကစားခဲ့သည့် နာပိုလီနှင့် အင်တာမီလန်အသင်းပွဲစဉ်တွင် နာပိုလီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

နာပိုလီအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် နောက်ဆုံး နှစ်ပွဲဆက် ရှုံးပွဲဆက်မှုကို ချေဖျက်နိုင်ခဲ့သည်။ နာပိုလီအသင်းသည် အင်တာမီလန်အသင်းကို အနိုင်ယူနိုင်ခဲ့သော်လည်း အသင်းအဓိက ကစားသမားတစ်ဦးဖြစ်သူ ဒီဘရိုင်းထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

အင်တာမီလန်အသင်းသည် နာပိုလီအသင်းထက် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးမှုအသာဖြင့် ပွဲကစားချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ဂိုးပြတ် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အင်တာမီလန်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် စီးရီးအေ ရှစ်ပွဲကစားပြီးတွင် ရှုံးပွဲ သုံးပွဲအထိ ရှိလာပြီ ဖြစ်သည်။ အင်တာမီလန် အသင်းသည် ပြီးခဲ့သည့်ရာသီက စီးရီးအေ ၃၈ ပွဲတွင် ရှုံးပွဲ ငါးပွဲသာ ကြုံတွေ့ထားသည်။

လာမည့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၉ ရက်တွင် နာပိုလီအသင်းက လက်ချီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အင်တာမီလန်အသင်းက တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဖီအိုရင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

### နောက်ဆုံးရ အားကစားသတင်းတိုများ

- မန်ယူအသင်းသည် ဇန်နဝါရီလတွင် ဒေါ့မွန်အသင်းမှ အသက် ၂၀ အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ဘဲလင်ဂမ်ကို အငှားခေါ်ယူဖွယ်ရှိနေသည်။
- မန်စီးတီးနှင့် စပါးအသင်းတို့သည် စပို့တင်းနှင့် ဒိန်းမတ်ကွင်းလယ်ကစားသမား မော်တင်ဟွိုက်မန်း (၂၆ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘာစီလိုနာအသင်းသည် မာဆေးလ်အသင်းမှ အသက် ၂၄ နှစ်အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား မေဆင်ဂရင်းဝုဒ်၏ အခြေအနေကို စောင့်ကြည့်ရန် ကင်းထောက်များ စေလွှတ်ထားကြောင်း သိရသည်။
- ဆော်ဒီပရိုလိဂ် ပွဲစဉ် (၆) တွင် အယ်နာဆာအသင်းက ဖီးလစ်၊ စီရော်နယ်ဒိုတို့၏ သွင်းဂိုးများဖြင့် အယ်ဟာဇမ်းအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိကာ ရာနှုန်းပြည့် နိုင်ပွဲ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

■ မိုးဇက်-စုစည်းရေးသားသည်



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ သူတို့အကြောင်း သိသွားရင်တော့ အခြေခံ အင်္ဂလိပ်သဒ္ဒါတတ်ပြီလို့ မှတ်လို့ရပါပြီ။ သဒ္ဒါတတ်ရင်တော့ စာတတ်ပြီပေါ့ဗျာ။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about the weather in English (ရာသီဥတုအကြောင်း အင်္ဂလိပ်လိုဘယ်လိုပြောမလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

အခုဆိုရင် Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) ကို ပဏ္ဏာမအကြမ်းဖျင်း ခြုံငုံဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အခုပဏ္ဏာမဖော်ပြပြီးသလောက် သူတို့နဲ့ပတ်သက်ပြီး ဘယ်လောက်မှတ်မိသလဲဆိုတာကို လေ့ကျင့်ခန်းလေးတွေ လုပ်ကြည့်လိုက်ပါဦး။

**Exercise (1) Put the underlined words in the correct boxes.**

| Noun | Pro-noun | Adjec-tive | Verb | Adverb | Prepo-sition | Conjun-ction | Inter-jection |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

1. I had a <u>wonderful</u> holiday in Spain last year.
2. She <u>lives</u> in a <u>large</u> flat in New York.
3. Peter walked <u>quickly</u> to work.
4. We <u>met</u> them in Green Street <u>on</u> Friday.
5. You must come <u>and</u> visit <u>me</u> in Scotland.
6. My teacher spoke <u>slowly</u> <u>but</u> I didn't understand <u>her</u>.
7. <u>Mary</u> and <u>Jackie</u> are studying Japanese <u>at</u> college.
8. I have lost <u>my</u> bag.
9. They <u>bought</u> a <u>big</u>, <u>old</u> house in the country.
10. <u>Oh</u>! She swims <u>fast</u>, and <u>she</u> can ski <u>well</u> too.
11. <u>Hush</u>! Be quiet.

**Exercise (2) Identify the eight parts of speech in the following sentences.**

1. My <u>brother</u> went to the <u>store</u> to buy a new <u>car</u>.
2. The dog <u>plays</u> with the ball every day.
3. The <u>large</u> classroom was full of <u>happy</u> students.
4. The books were placed <u>against</u> the wall.
5. I want <u>either</u> the beef or the turkey roast.
6. <u>Ouch</u>! You are hurting me.
7. Nick is finishing his chores <u>early</u> so he can return home <u>safely</u>.
8. I can see my reflection in <u>my</u> new car.
9. She played badly <u>and</u> lost the tennis match.
10. <u>They</u> saw the Statute of Liberty and walked through Manhattan.
11. <u>Josephine</u> got a job in New York <u>in</u> June.

**Kinds of Nouns (နာမ်အမျိုးအစားများ)**

1. Proper Noun
2. Common Noun
3. Compound Noun
4. Collective Noun
5. Concrete Noun
6. Abstract Noun
7. Material Noun

**1. Proper Noun (တစ်ဦးဆိုင်နာမ်)**

တစ်စုံတစ်ခု၊ နေရာတစ်နေရာ၊ တစ်ဦးတစ်ယောက်တည်းနှင့်သာသက်ဆိုင်သော အမည်များကို Proper Noun (တစ်ဦးဆိုင်နာမ်) ဟုခေါ်သည်။

တစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သော တစ်ဦးဆိုင်နာမ်များ

- Beethoven
- Santa Claus
- Ali Baba
- Florence Nightingale
- Johnny Depp
- Harry Porter
- Robin Hood
- Mr. Robert
- Kyar Bo

မိမိတို့၏ကိုယ်ပိုင်နာမည်နှင့် သူငယ်ချင်းများ၏နာမည်များသည်လည်း တစ်ဦးဆိုင်နာမ်များဖြစ်ကြသည်။

နိုင်ငံ၊ လူမျိုးအမည်၊ ပြည်နယ်၊ မြို့ရွာ၊ တိုင်းနှင့်ဆိုင်သော တစ်ဦးဆိုင်နာမ်များ

| <u>Country (နိုင်ငံများ)</u> | <u>People (လူမျိုးအမည်များ)</u> |
|---|---|
| – America | – American |
| – Egypt | – Egyptian |
| – India | – Indian |
| – Italy | – Italian |
| – Japan | – Japanese |
| – China | – Chinese |
| – Korea | – Korean |
| – Malaysia | – Malaysian or Malay |
| – France | – the French |
| – Thailand | – Thai စသည်ဖြင့် |

- London (လန်ဒန်မြို့)
- New York (နယူးယောက်မြို့)
- Mandalay (မန္တလေးမြို့)
- Yangon (ရန်ကုန်မြို့)
- Nay Pyi Taw (နေပြည်တော်)
- Shan State (ရှမ်းပြည်နယ်)
- Bago Region (ပဲခူးတိုင်း) စသည်ဖြင့်

အထိမ်းအမှတ်အဆောက်အအုံများ၏နာမည်များသည် တစ်ဦးဆိုင်နာမ်များဖြစ်ကြသည်။ ဥပမာ –

- the Statue of Liberty (လေဘာတီရုပ်တု)
- the Great Wall of China (မဟာတံတိုင်း)
- the Grand Canyon (ဂရင်းကင်ညွန်ချောက်)
- the Leaning Tower of Pisa (ပီဆာမျှော်စင်)
- Brooklyn Bridge (ဘရွတ်ကလင်းတံတား)
- Big Ben (ဘစ်ဘဲန်းနာရီစင်)
- the Eiffel Tower (အီဖယ်မျှော်စင်)
- National Landmark in Myanmar (တိုင်းရင်းသားကျေးရွာ)

## VOCABULARY ENRICHMENT PROGRAMME

1. **to turn turtle (လှေ၊ သင်္ဘောမှောက်သည်)**
   The ship *turned turtle* and unfortunately no one on board could be saved.
   သင်္ဘောမှောက်ပြီး ကံမကောင်းစွာနဲ့ဘဲ တစ်ယောက်မှကို မကယ်တင်နိုင်ခဲ့ဘူး။
2. **in a twinkling of an eye (မျက်စိတစ်မှိတ်အတွင်း၊ လျှပ်တစ်ပြက်အတွင်း)**
   Suddenly, *in the twinkling of an eye*, her whole life had been turned upside down.
   ရုတ်တရက် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာပဲ သူ့ရဲ့ဘဝဟာ ကပြောင်းကပြန်ဖြစ်ခဲ့တယ်။
3. **to get into hot water (ဒုက္ခရောက်သည်။ အကျပ်တွေ့သည်)**
   The young boy *got into hot water* with his parents when he had a fight at school.
   ကျောင်းမှာရန်ဖြစ်ခဲ့တဲ့ကောင်လေးဟာ သူ့မိဘနဲ့ အကျပ်တွေ့နေတယ်။ (ပြဿနာတက်နေတယ်။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**How to talk about the weather**

ရာသီဥတုနဲ့ပတ်သက်ပြီး ဘယ်လိုမေးမလဲ။

- What's the weather like? (ရာသီဥတုအခြေအနေဘယ်လိုလဲ။)
- What's the weather like today? (ဒီနေ့ ရာသီဥတုအခြေအနေ ဘယ်လိုလဲ။)
- What's the weather like with you? (မင်းဆီမှာ ရာသီဥတုအခြေအနေ ဘယ်လိုလဲ)
- What's the temperature today? (ဒီနေ့အပူချိန် ဘယ်လောက်လဲ။)
- What's the weather forecast? (ရာသီဥတုခန့်မှန်းချက်က ဘယ်လိုလဲ။)
- Is it going to rain later? (နောက်ပိုင်းမိုးရွာမှာလား။)
- Do you know if it's going to snow? (နှင်းကျမယ်ဆိုတာ သိလား။)
- How's the weather? (ရာသီဥတုအခြေအနေ ဘယ်လိုလဲ။)
- What kind of weather is it? (ဘယ်လိုရာသီဥတုအမျိုးအစားလဲ။)
- What's it like out? (အပြင်မှာ ဘယ်လိုလဲ။)
- How was the weather yesterday? (မနေ့က ရာသီဥတုအခြေအနေဘယ်လို ရှိခဲ့လဲ။)

ရာသီဥတုနဲ့ပတ်သက်ပြီးဘယ်လိုဖြေမလဲ။

- It's actually quite mild. (အသင့်အတင့်နွေးပါတယ်။ သိပ်မအေးပါဘူး။)
- It's raining heavily.(မိုးသည်းထန်စွာရွာနေတယ်။)
- It's a lovely sunny day. (အရမ်းသာယာ လှပနေသာတဲ့ နေ့လေးတစ်နေ့ပဲ။)
- It's very cold. (အရမ်းအေးတယ်။)
- It's a lovely warm autumn morning. (သိပ်သာယာတဲ့ ပူနွေးတဲ့ ဆောင်းဦးရာသီနံနက်ခင်းလေးပဲ။)
- A storm is coming. (မုန်တိုင်းလာနေပြီ။)
- It's freezing! (အေးခဲနေတာပဲ။)
- It's boiling hot! (ပြုတ်ထားသလို ပူနေတာပဲ။)
- It's raining cats and dogs! (မိုးသဲကြီး မဲကြီးရွာနေတယ်။)
- There was a big snowstorm. (သဲမုန်တိုင်းကြီး တစ်ခုရှိခဲ့တယ်။)
- There might be a flood. (ရေကြီးနိုင်တယ်။)
- It's a dreadful night! (အလွန်ဆိုးတဲ့ညတစ်ညပဲ။)
- It's a beautiful evening, isn't it? (သာယာလှပတဲ့ ညနေခင်းလေးတစ်ခု ဟုတ်တယ်မလား။)
- It's a bit unsettled. (ရာသီဥတုက ပြောရမှာနည်းနည်းခက်တယ်။)
- It's a bit changeable. (ရာသီဥတုက နည်းနည်းအပြောင်းအလဲရှိတယ်။)
- It's very unseanonal. (ရာသီဥတုက ပုံမှန်မဟုတ်ဘူး။)
- It was stormy and rainy. (မနေ့က မုန်တိုင်းရှိပြီး မိုးရွာခဲ့တယ်။)
- It was sunny and hot. (မနေ့က နေသာပြီး ပူတယ်။)

ရာသီဥတုအကြောင်း မေးတုံ့မေးခွန်းလေးတွေနဲ့ ဘယ်လိုပြောမလဲ။

- Hello, Sue. It's freezing, isn't it?
  Hello, Lewis. It certainly is.
- Hello, Ivy. What a beautiful/cold/wet day!
  Hi, Kathy. It certainly is.
- Isn't it a horrible day, Henry?

**Language Focus (ဘာသာစကားရှုထောင့်)**

မိုးလေဝသနဲ့ပတ်သက်ပြီး ပြောဆိုရာမှာ အသုံးများတဲ့ စကားပြောပုံစံလေးတွေကို ဖော်ပြလိုက်ပါတယ်။

- **It + Be (forms of different tenses) + Adjective**
  လက်ရှိအခြေအနေကိုပြောရင် (am/is/are + Adjective) နဲ့ပြော
  အတိတ်က ဖြစ်ခဲ့တာကိုပြောရင် (was/were + Adjective) နဲ့ပြော
  အနာဂတ်ကို ပြောရင် (will be + Adjective/ going to + Vinf/ going to be + Adjective နဲ့ပြော
- **It + Be (forms of different tenses) + a + Adjective + day**

It will be a rainy day.

It's a beautiful day.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာ ၂၄ ရက် က ဘားအံမြို့ အုန်းတပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ယင်းနောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို အဆိုပါအထက်တန်းကျောင်း သုတအလင်းခန်းမ၌ ကျင်းပရာ အိန္ဒုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည် ဗီဒီယိုကလစ်ကို အတူတကွကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အုန်းတပင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက လူမျိုးဂုဏ်ကို စာပေဖြင့် မြှင့်တင်ကြပါစို့ သီချင်း၊ လွန်းည အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက ပန်းတိုင်းပွင့်ပါစေ သီချင်း၊ အိန္ဒုအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပညာပန်းများလန်းရာမြေ သီချင်း၊ ခနိမ်းဒို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက မြန်မာပြည်မှာ စာပဒေသာ ဝေဆာစေ သီချင်း၊ အုန်းတပင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက မင်္ဂလာပါ သီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုင်းဆတ်ခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့် ကျေးလက်လမ်း တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုအောက်တိုဘာ ၂၄ ရက်က တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး) ဦးဝင်းကျော်မျိုး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း နှင့် တာဝန်ရှိသူများက မိုင်းတုံမြို့နယ်ရှိ ပိန်းမုံ-ဝမ်ပုံလမ်း ကျောက်ချောလမ်း ခင်းခြင်းကို လည်းကောင်း၊ မိုင်းဆတ်မြို့နယ်ရှိ



Mother Diamond ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သည့် ဝိန်းလိတ်လမ်းကတ္တရာခင်းခြင်းကိုလည်းကောင်း၊ ဝိန်းလိတ်တံတား တည်ဆောက်ခြင်းလုပ်ငန်း (ပထမပိုင်း) နှင့် Mai Sone Mong Tai ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည့် ပူနားကို-အားဆော်ပေါ်မိုးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း မဆောင်ရွက်မီ အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး) က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဇင်မာ**



**ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ) ၌ အောက်တိုဘာ ၂၄ ရက်က Book Club ဝင်များဖြင့် စာဖတ်ဝိုင်းပြုလုပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ) ဒုတိယဦးစီးမှူး ဒေါ်ခိုင်ကြည်ဝင်း စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားစဉ်။**

အောင်ကိုဦး(ပြန်/ဆက်)

# ချောင်းသာမြို့ ဆိပ်ကြီးကျေးရွာ၌ ငှက်ဖျားရောဂါအသိပညာပေး

**ချောင်းသာ အောက်တိုဘာ ၂၆**

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့ ဆိပ်ကြီးကျေးရွာတွင် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့က ကျေးရွာနေ ပြည်သူများအား ငှက်ဖျားရောဂါ အသိပညာပေး ဟောပြောခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

ကျေးလက်နေ ပြည်သူများ ငှက်ဖျားရောဂါ ကင်းဝေးစေရန် ရည်ရွယ်၍ ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ဆိပ်ကြီးကျေးရွာနေ ပြည်သူများအား ငှက်ဖျားရောဂါ အကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောကာ သွေးဖောက် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဆိပ်ကြီးကျေးရွာနေ အိမ်ထောင်စု ၁၂၂ စုမှ တက်ရောက်လာသော ကျေးရွာနေပြည်သူ ၂၀၀ အား ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင် ၁၆၇ လုံး ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း**
**(ပြန်/ဆက်)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေ ရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိ ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

❖ *ကျောဖုံးမှ*

ပွဲအစပိုင်းကတည်းက ဘာရိုက်တန်အသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့ပြီး ကွန်ညာ၊ ကက်စမဲရီးတို့၏ သွင်းဂိုးများနှင့်အတူ ပထမပိုင်းကို နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ ကွန်ညာသည် မန်ယူအသင်းအတွက် ၎င်း၏ ပထမဆုံး ဂိုးကို သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာပြီး နောက်ဆုံးမိနစ်အထိ အကြိတ်အနယ်ရှိခဲ့သည်။ မန်ယူအသင်းသည် ဘာရိုက်တန်အသင်းထက် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှုပိုင်း အသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်။

မန်ယူအသင်း ဂိုးသမားလန်းမန်းစ်သည် ဘာရိုက်တန်အသင်း၏ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြ ဟန့်တားကာကွယ်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ကိုးပွဲကစားပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေနှင့် သုံးပွဲရှုံးရလဒ် ရရှိထားသည်။ ပြိုင်ဘက် ဘာရိုက်တန်အသင်းက ကိုးပွဲကစားပြီး သုံးပွဲနိုင်၊ သုံးပွဲသရေနှင့် သုံးပွဲရှုံး ရလဒ်ရရှိထားသည်။ လာမည့်ပွဲစဉ်တွင် မန်ယူက နော့တင်ဟမ်ဖောရက်စ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘာရိုက်တန်အသင်းက အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် လိဒ်စ်က ဝက်စ်ဟမ်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆန်းဒါးလန်းက အသင်းကြီး ချယ်ဆီးကို နှစ်ဂိုး-တစ်ဂိုး၊ နယူးကာဆယ်က ဖူလ်ဟမ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘရန့်ဖို့ဒ်က အသင်းကြီး လီဗာပူးကို အကြိတ်အနယ်ကစားကာ သုံးဂိုး-နှစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# မကွေးမြို့၌ တရားစွဲနှင့်အမှုလိုက်လုပ်ငန်းအတွေ့အကြုံ ဆွေးနွေး



**မကွေး အောက်တိုဘာ ၂၆**

ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉) ရည်မှန်းချက် ပန်းတိုင် (၃) ၏ မဟာဗျူဟာရည်မှန်းချက် အောင်မြင်စေရေးအတွက် အကောင်အထည်ဖော်သည့်အနေဖြင့် တရားစွဲနှင့် အမှုလိုက်လုပ်ငန်း အတွေ့အကြုံ မျှဝေဆွေးနွေးပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ပါမောက္ခ ဦးလှအောင်ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး ဥပဒေအရာရှိ၊ ရုံးအဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေ အရာရှိများ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ဒုတိယခရိုင် ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၊ ဦးစီးအရာရှိများနှင့် ဒုတိယမြို့နယ် ဥပဒေ အရာရှိများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်လှလှဆွေက အခမ်းအနားပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တရားစွဲနှင့်အမှုလိုက်လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးကြရာ မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမျိုးမင်းဇော် ဦးဆောင်သောအဖွဲ့နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေအရာရှိများ ခေါင်းဆောင်သောအဖွဲ့များက အဖွဲ့လိုက် ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့ပြီး တက်ရောက်လာကြသည့် ဥပဒေအရာရှိများက မေးခွန်းများ မေးမြန်းဆွေးနွေးခြင်း၊ ခေါင်းဆောင်သောအဖွဲ့များက အဖွဲ့လိုက် ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့ကာ တက်ရောက်လာကြသည့် ဥပဒေအရာရှိများက မေးခွန်းမေးမြန်းဆွေးနွေးခြင်း၊ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး မကွေးတိုင်းဒေသကြီး ဥပဒေချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ဆီဆိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဆီဆိုင် အောက်တိုဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်သည့် နေရာများ၌ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး) ဦးရဲခေါင်ထွန်း၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမင်းလတ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ကြွယ်ကြွယ်ဝင်းနှင့် တာဝန်ရှိသူများက ဆီဆိုင်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၉ ဒသမ ၇ သန်းဖြင့် ထက်နေအောင်ကုမ္ပဏီမှ ဆောင်ရွက်သည့် မိုက်တီး - နောင်ဘို လမ်းပေါ်ရှိ ပေ ၂၀ သံကူကွန်ကရစ်ကြမ်းခင်းတံတားတစ်စင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၂၂၇ ဒသမ ၇ သန်းဖြင့် ပြည့်ကောင်းကုမ္ပဏီမှ ဆောင်ရွက်သည့် မကောက်(နောက်)- နောင်လိတ်-ကွန်မွန်း-ဖာလိုင်-ပန်ကန်းလေး-KFW (လမ်းခွဲ) လမ်းပေါ်ရှိ ပေ ၄၀ သံပေါင် သံကူကွန်ကရစ် တံတားတစ်စင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၅၀ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်သည့် ကုန်းဆွတ်-လာဇရူး-တောင်သာ-တရောက်-ဖာလိုင် လမ်းပေါ်ရှိ ပေ ၂၀၀၊ (61m) သံကူကွန်ကရစ် တံတား(ပထမပိုင်း) တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုင်းတုံမြို့နယ်၌ မိုးစပါး(အောင်နိုင်တိုး) မျိုးသန့်ပွားစိုက်ခင်း စံကွက်ရိတ်သိမ်း

**ကျိုင်းတုံ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး (အောင်နိုင်တိုး) မျိုးသန့်ပွားစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က ယန်းလောကျေးရွာအုပ်စု တောင်သူ ဦးစိုင်းယီတစ်၏ လယ်မြေတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက မိုးစပါးစံကွက်ရိတ်သိမ်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျိုင်းတုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစောမင်းသူ၊ တာဝန်ရှိသူများနှင့် တောင်သူများက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးစပါး (အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းရာတွင် အစို ၁၀၀ ဒသမ ၈၄ တင်း ထွက်ရှိကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



# ပုလောမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

**ပုလော အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ရှပ်ပုံကျေးရွာအုပ်စု ရှပ်ပုံကျေးရွာ တောင်သူ ဦးရဲဝင်းဌေး၏ ကွင်းအမှတ်(၅၃ - က)၊ ဦးပိုင်အမှတ် (၁၃) ရှိ တစ်ဧကတင်း ၁၀၀ မိုးစပါးစံပြကွက် ဆင်းသုခစပါးမျိုးကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက ရိတ်သိမ်းခဲ့ရာ(၆၆x၆၆)ပေ အကွက်ကြီးတွင်စပါးအစို၁၂၃တင်း၊ အခြောက် ၁၁၅ တင်းနှုန်းနှင့် ၆ ဒသမ ၆ ပေ အကွက်ငယ်တွင် စပါးအစို ၁၁၇ တင်း၊ အခြောက်တင်း ၁၁၀ နှုန်း ထွက်ရှိခဲ့ကြောင်း ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသော်ဇင်ထွန်းထံမှ သိရသည်။

အဆိုပါ မိုးစပါးစံပြကွက် ဆင်းသုခစပါးမျိုး ရိတ်သိမ်းပွဲသို့ ပုလောမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသန်းထိုက်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသော်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တောင်သူ ၂၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

မြင့်ဦး(မြိတ်)

◆ *ကျောဖုံးမှ*

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲ အချိန်တွင် မြောက်လတ္တီကျု ၁၁ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၉၈ ဟက်တိုပါစကယ် နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ၂၈ ရက်၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကာ ယင်းနေ့ညပိုင်းတွင် အင်ဒိယာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၈ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# လယ်ဝေးမြို့နယ်၌ ပေါ်ဆန်းရင် မိုးစပါး စံကွက်ရိတ်သိမ်း

**လယ်ဝေး အောက်တိုဘာ ၂၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာတွင် အောက်တိုဘာ ၂၄ ရက်က ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းရာတွင် လယ်ဝေးမြို့နယ် မြေစာရင်းဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များက ကြောင်ရေကျေးရွာ၊ ကွင်းအမှတ်- ၁၇၉၃၊ ကြောင်ရေကွင်းအတွင်း တောင်သူ ဦးမျိုးသိန်း၏ ဧရိယာ ၅ ဒသမ ၂၂ဧက၌ စိုက်ပျိုးထားသည့် ပေါ်ဆန်းရင်စပါးမျိုး စံကွက်အား ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၉၄ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






# သီပေါမြို့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်လက်ဝင်ရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေး



လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ယာယီနေရပ်စွန့်ခွာလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သီပေါမြို့သို့ ထပ်မံဝင်ရောက်လာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၃ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာလေးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား ၁၅၀ နှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၅၀ နှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၉၆၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

မတ္တရာ အောက်တိုဘာ ၂၆

မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မတ္တရာမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်း စီမံချက် အဆင့်(၃)ထပ်တိုးဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က တောင်ပြုံးကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း၌ ကျင်းပသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ အောင်ဆွေတို့က အမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မတ္တရာမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များကို ဆက်လက် ဆောင်ရွက်ပေးရာ နိုင်ငံသား စိစစ်ရေးကတ် ၇၅ ကတ်ကို နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ၂၃၂ ကတ် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၇၃၃)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးသန်းမြင့်အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော(၂၀ပေx၆၀ပေ)အကျယ်ရှိ မြေကွက်အမှတ်(၇၃၂)နှင့်ကပ်လျက် ပါမစ်မူရင်းခြမ်းမြေကွက်အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန္ဒာအေး(၁၂/ဒဂမ(နိုင်)၀၀၉၈၀၉)မှ မိမိတစ်ဦး တည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝင်း(၁၁/သတန(နိုင်)၀၆၂၂၀၄)မှ ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် တကွ ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ
ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၇၄၅)
အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊(၁၃)ရပ်ကွက်၊
ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၄၄၆၇၇၇၁၆

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်၊ ရေကျော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃-E)၊ ကွင်းအမည်(ရေကျော်မြောက်ကွင်း)၊ ဦးပိုင်အမှတ်(၃၁ဃ)၊ မြေဧရိယာ(၀ဒသမ၀၅၉၄)ဧကရှိမြေကို ဦးသန်းဌေးမှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့်ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အ မည်ပြောင်း လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သနပ်ပင်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)နှင့် တံတားအထူးအဖွဲ့(၄)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)နှင့် တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်(၃၅၈/၁-၃)ရှိ ဒုဋ္ဌဝတီ တံတားသစ် တည်ဆောက်ခြင်းလုပ်ငန်း( ရန်ကုန်ဘက်ကမ်းနှင့် မန္တလေးဘက်ကမ်း)တို့၌ အသုံးပြုရန်လိုအပ်သောကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်း/သယ်ယူပို့ဆောင်ခြင်း အိတ်ဖွင့်တင်ဒါအား (၃၁-၁၀-၂၀၂၅)ရက်တွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| **တည်ဆောက်ရေးအဖွဲ့ (၁) အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | | - | ( ၄/၂၀၂၅-၂၀၂၆ ) နှင့် |
| **တံတားအထူးအဖွဲ့ (၄) အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | | - | (၂/၂၀၂၅-၂၀၂၆ ) |
| ၁။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ မန္တလေးမြို့ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ |
| ၂။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - | ၁၄-၁၀-၂၀၂၅ ရက်၊ ( ရုံးချိန်အတွင်း ) |
| ၃။ | **လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန်** | - | ၂၉-၁၀-၂၀၂၅ ရက်၊ ( ၁၆:၃၀ )နာရီ |
| ၄။ | **တင်ဒါဖွင့်မည့် ရက်/အချိန်** | - | ၃၁-၁၀-၂၀၂၅ ရက်၊ ( ၀၉:၃၀ )နာရီ |
| ၅။ | **တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ** | - | ဒုဋ္ဌဝတီတံတားသစ်စီမံကိန်း(မန္တလေးဘက်ကမ်း) တံတားရှင်းလင်းဆောင် |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တည်ဆောက်ရေးအဖွဲ့(၁) ဖုန်း-၀၉-၄၅၈၉၅၅၁၅၂၊ ၀၉-၂၅၀၀၇၀၇၁၈ နှင့် တံတားအထူးအဖွဲ့(၄) ဖုန်း-၀၉-၄၄၈၅၄၈၅၈၅၊ ၀၉-၇၈၁၃၀၀၄၀၉ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

○ *ကျောဖုံးမှ*

မြစ်ကြီးနားဇုန်အသင်းတို့၏ ပွဲစဉ်များကို အောက်တိုဘာ ၃၀ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင်လည်းကောင်း နေပြည်တော် ဇေယျာသီရိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ နေပြည်တော် ဇေယျာသီရိ ဘောလုံးကွင်း၌ တက္ကသိုလ်ပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့၏ ပွဲစဉ်ကို အောက်တိုဘာ ၃၁ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ပုသိမ်ဇုန်အသင်းနှင့် နေပြည်တော်ဇုန်အသင်းတို့၏ ပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သွေးသည် အသက်

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စကုမြို့နယ်၊ တောင်ရပ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)Grade- 6 သင်ဆဲ မောင်ထက်မြက်ဝသန်၏ ဖခင်ဦးသန်းထွန်းဦး အမည်မှန်မှာ ဦးသန်းထွန်း ၈/မဘန(နိုင်)၁၃၇၂၂၂ ဖြစ်ပါကြောင်း။ **ဦးသန်းထွန်း**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၆

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့် ရေယာဉ် ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

